မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်၊ စနေနေ့၊ အတွဲ(၄၈)၊ အမှတ်(၂၅)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စွမ်းအင်သည် နိုင်ငံများစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အဓိကကျ အခြားအစားထိုး စွမ်းအင်အရင်းအမြစ်များ ကြိုးပမ်းရှာဖွေမှု အရှိန်အဟုန်မြင့်

ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ကြောင်းကျိုးဆီလျော်ညီညွတ်မှုရှိသည့် အားသစ်လောင်းစေနိုင်သည့် နည်းလမ်းများ ဖော်ထုတ်ပေးရန်လိုအပ်

နေပြည်တော် အောက်တိုဘာ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် အခမ်းအနားသို့ သဝဏ်လွှာ ပေးပို့သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ကုလသမဂ္ဂအဖွဲ့ကြီး တည်ထောင်ခဲ့သည့်ကာလ (၆၃)နှစ်မြောက်သည့် အခါသမယတွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော ပြည်ထောင်စုမြန်မာနိုင်ငံအနေဖြင့် အဖွဲ့ကြီးတည်ထောင်သည့် အထိမ်းအမှတ်အား ဂုဏ်ပြုလျက် အဖွဲ့ကြီးအပေါ်တွင် ထားရှိသည့် ကျွန်ုပ်တို့၏ ကတိကဝတ်များကို ထပ်လောင်းအတည်ပြုပါသည်။ ကုလသမဂ္ဂအဖွဲ့ကြီး တည်ထောင်ခဲ့သော သက်တမ်း(၆၃)နှစ်ပြည့်မြောက်သည့် အချိန်အခါတွင် ကမ္ဘာကြီးသည် ရာသီဥတုပြောင်းလဲမှု၊ ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာ အကျပ်အတည်းနှင့် စွမ်းအင်လုံခြုံရေး စသည့် မျက်မှောက်ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ အထူးကောင်းမွန် ကွမ်ရှီးပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ ပိုမိုရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

မြန်မာနိုင်ငံတွင် သယံဇာတများစွာရှိပြီး ကွမ်ရှီးဒေသတွင် နည်းပညာဖွံ့ဖြိုးတိုးတက်မှုရှိ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်၍ နှစ်ဖက်အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည်

ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ မာပြောင်း

နေပြည်တော် အောက်တိုဘာ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး မစ္စတာမာပြောင်းသည် အောက်တိုဘာ ၂၂ရက် နံနက် ၁၀ နာရီတွင် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ လီယွမ်ဟိုတယ်(Liyuan Resort) ဧည့်ရိပ်သာ အမှတ်(၁၇) ဧည့်ခန်းမသို့ လာရောက်၍ ဂါရဝပြု တွေ့ဆုံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၆ ကော်လံ ၁ ■

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် အောက်တိုဘာ ၂၅ ရက်)

တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ကြိုးပမ်း ကုန်သွယ်ရေး၊ ခရီးသွား၊ စိုက်ပျိုးရေးနှင့် သတင်းဆက်သွယ်ရေး ပိုမိုပူးပေါင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ကျင်းပသည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အောက်တိုဘာ ၂၁ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာဝမ်ကျိရှန်နှင့် နန်နင်းမြို့ လီယွမ်ဟိုတယ် နိုင်ငံတကာကွန်ဖရင့် ဗဟိုဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းတွေ့ဆုံပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ်က (၅)ကြိမ်မြောက် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတို့ကို ခမ်းနားစွာ ကျင်းပပေးခဲ့သည့်အတွက်လည်းကောင်း၊ ဖိတ်ကြားပေးခဲ့ခြင်းအတွက်လည်းကောင်း အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ယူပါကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် ၂၀၀၈ခုနှစ် စက်တင်ဘာ၂၇ရက်၌ တတိယမြောက်လူလိုက်ပါသည့် အာကာသယာဉ်(ရှန်ကျိုး-၇) အား အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ခြင်းနှင့် ပထမဦးဆုံး အာကာသအတွင်း လမ်းလျှောက်နိုင်ခြင်း၊ တရုတ်နိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ် မှတ်တမ်းတင်နိုင်သည့် အောင်မြင်မှုအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း နိုင်ငံတော်ဝန်ကြီးချုပ်က ထုတ်ဖော် ပြောကြားခဲ့သည်။

တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးကို ၂၀၀၄ခုနှစ်ကစတင်၍ အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပလက်ခံလာခဲ့ရာ ယခုနှစ်တွင် (၅)ကြိမ်တိုင်ခဲ့ပြီ ဖြစ်သည်။

တရုတ်-အာဆီယံ ကုန်စည်ပြပွဲများ ဆက်တိုက်ကျင်းပနိုင်ခဲ့ခြင်းဖြင့် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြားတွင်လည်းကောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြားတွင်လည်းကောင်း ကုန်သွယ်ရေးပမာဏ ပိုမိုတိုးမြှင့် ဖော်ဆောင်နိုင်ခဲ့ပေသည်။

ယခုနှစ်ကျင်းပသည့် ကုန်စည်ပြပွဲနှင့် ထိပ်သီးအစည်းအဝေးသည် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံတို့အကြား ကုန်သွယ်ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းသာမက သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍများ၌ပါ ပိုမိုတိုးတက်ဖော်ဆောင်နိုင်မည် ဖြစ်သည်။

သို့ဖြစ်၍ တရုတ်-အာဆီယံ(၅)ကြိမ်မြောက် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးကျင်းပနိုင်ခြင်းဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား တည်ရှိပြီးဖြစ်သည့် ဆက်ဆံရေးနှင့် ကုန်သွယ်ရေးတို့ကို ပိုမိုအားသစ်လောင်းပေးသွားနိုင်မည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် အောက်တိုဘာလအတွက်
နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၆-၁၀-၂၀၀၈)ရက်
၂၀၀၈ ခုနှစ် နိုဝင်ဘာလအတွက်
(၉-၁၁-၂၀၀၈)ရက်
နှင့်
(၃၀-၁၁-၂၀၀၈)ရက်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် လဲချားမြို့၌ မိုးစပါးအောင်မြင်ဖြစ်ထွန်းမှုနှင့် ပင်လုံတက္ကသိုလ် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့်အတူ အောက်တိုဘာ ၂၂ ရက် နံနက် ၇နာရီခွဲက လဲချားတပ်နယ်ခန်းမ၌ အရာရှိ၊စစ်သည်မိသားစုဝင်များနှင့် တွေ့ဆုံ၍ ဆေးဝါးပစ္စည်းများနှင့် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် လဲချားမြို့ ဖွေးဟိုင်းကျေးရွာအနီး တောင်သူ ဦးစိုင်းဆန်း၏ အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါး ငါးဧကကို ကြည့်ရှုပြီး ပင်လုံတက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)၌ ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာစောသန္တာမြင့်နှင့် ဆရာ ဆရာမများအားလည်းကောင်း၊ လွိုင်လင်ခရိုင် စိုက်ပျိုးရေးမန်နေဂျာရုံး၌ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများအားလည်းကောင်း တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးတိုင်းအတွင်းရှိ ပရဆေးစိုက်ခင်းနှင့် သစ်တောစခန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၄

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် အောက်တိုဘာ ၁၉ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်း ပုပ္ပားတောင်ဥယျာဉ် သစ်တောဦးစီးဌာန၏ ပရဆေးဥယျာဉ်အတွင်း ပရဆေးပင်များ စိုက်ပျိုးထားရှိမှု၊ စာကြည့်တိုက်အတွင်း ပရဆေးစာအုပ်များ စုဆောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် အောက်တိုဘာ ၂၀ ရက်တွင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်အရှေ့ခြမ်းရှိ နတ်ကန်လည်သစ်တောစခန်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သော ငှက်ပျောပပျောက်ရေးလုပ်ငန်းများ အောင်မြင်နေမှု၊ နှစ်ရှည်ပင်များဖြစ်သော စိန်တလုံး၊ ဩဇာ၊ သီဟိုဠ်ပင်များ စိုက်ပျိုးအောင်မြင်နေမှု၊ ကျေးလက်အိမ်ရာထူထောင်ရေး၊ကျေးရွာသုံး သစ်တောစိုက်ခင်းတစ်ဧကထူထောင်ရေး၊ တစ်အိမ်လျှင် ယူကလစ်ပင် ၂၀၊ မဲဇလီပင် ၂၀၊ ကျွန်းသုံးပင် စိုက်ပျိုးရေးတို့ကို မှာကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဝန်ကြီးသည် တောင်သာမြို့နယ် မြင်စိုင်းတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ရှင်သန်ဖြစ်ထွန်းနေမှုကို လည်းကောင်း၊ တောင်သာမြို့နယ် တောင်သာတောင်၌ တောင်သာတောင် စိမ်းလန်းစိုပြည်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် နွားထိုးကြီးမြို့နယ် မင်းစုံတောင် ဘေးမဲ့တော၌ ကြယ်လိပ်မွေးမြူထားရှိမှုနှင့် မင်းစုံတောင် ဘေးမဲ့တော စိမ်းလန်းစိုပြည်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထုတ်လုပ်

ဝန်ကြီးသည် အောက်တိုဘာ ၂၁ ရက်တွင် မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံ စက်မှုလုပ်ငန်းဌာန အမရပူရမြို့နယ်ရှိ အမှတ်(၂-ခ)ပုံဖော်စက်ရုံအတွင်း သစ်မာ၊သစ်ပါးလွှာများထုတ်လုပ်ပုံအဆင့်ဆင့်နှင့် ကျွန်းအဆင့်မြင့်ခွဲသားများ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ဝန်ကြီးသည် အမရပူရမြို့နယ် သစ်အခြေခံစက်မှုနယ်မြေ၌ SK Wood Industries Limited သစ်အချောထည်စက်ရုံဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်၍ စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် စက်ရုံမှုခ်ဦးကို ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်း၊ SK Wood ကုမ္ပဏီ၏ C.E.O Mr. Kittipol Ho Sa Wasdi နှင့်မြန်မာ့သစ်လုပ်ငန်း အထွေထွေမန်နေဂျာ ဦးထူးအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ C.E.O Mr. Kittipol Ho Sa Wasdiက စက်ရုံတည်ထောင်မှုနှင့် ရင်းနှီးမြှုပ်နှံထားမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ စက်ရုံအမှုဆောင် အကြံပေးပုဂ္ဂိုလ်ဦးစန်းဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝန်ကြီးက သစ်အချောထည် လုပ်ငန်းတွင် သစ်အခြေခံစက်မှုလုပ်ငန်း တိုးချဲ့ဆောင်ရွက်ရေး၊ ဈေးကွက် ချဲ့ထွင်ရေး ဆွေးနွေးမှာကြားကာ စက်ရုံအတွင်းကုန်ချောထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီ ရုပ်မြင်သံကြား

၂၅-၁၀-၂၀၀၈
(စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၅ ၄။ ကျန်းမာသုတ
- ၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ကြီးရင်မို ငယ်ရင်ချို** လွင်မိုး၊ ထွန်းထွန်း၊ အိန္ဒြာကျော်ဇင်
- ၁၃း၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၀ ၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၀၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၂၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၆း၄၅ ၁၃။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၁၇)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ လူရွှင်တော်ရွှေဖလား
- ၁၉။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
- ၂၀။ အင်္ဂလိပ်စာသုတ (English Usage)
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီးရဲ့ဖူးစာ** (အပိုင်း-၁၈)

တိုးတက်မှုနှုန်းများ မညီမမျှဖြစ်နေသည့် အခြေအနေကို ကုစားရန် ကမ္ဘာလုံးဆိုင်ရာ တွဲဖက်ဆောင်ရွက်မှုသည် အရေးကြီးဆုံးနည်းလမ်းဖြစ်

● ရွှေဖုံးမှ

ထောက်ကူပံ့ပိုး

ကမ္ဘာနှင့်အဝန်း ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသည့် ရာသီဥတုပြောင်းလဲမှု ပြဿနာကို နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် တုံ့ပြန်ဆောင်ရွက်လျက်ရှိရာ ၂၀၀၇ခုနှစ် ဒီဇင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပခဲ့သော ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ (၁၃)ကြိမ်မြောက် ကုလသမဂ္ဂညီလာခံမှ စတင်၍ အောင်မြင်မှု အရှိန်အဟုန်များ ရရှိနေပြီဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များအား ရင်ဆိုင်ရေးနှင့်စပ်လျဉ်း၍ ကမ္ဘာသူကမ္ဘာသားများအနေဖြင့် ပိုမိုကျယ်ပြန့်စွာ သိရှိနားလည်နေကြပြီ ဖြစ်သော်လည်း အဆိုပါ ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များ လျော့ပါးစေရန်အတွက်မူများစွာ ကြိုးပမ်းအားထုတ် စီမံဆောင်ရွက်ကြရဦးမည် ဖြစ်ပါသည်။ ၎င်းစီမံဆောင်ရွက်ချက်များသည် နိုင်ငံအသီးသီးက ရေရှည်စီးပွားရေး တိုးတက်မှုရရှိစေရန် အလို့ငှာ ဆောင်ရွက်လျက်ရှိကြသည့် စီးပွားရေး ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ထောက်ကူပံ့ပိုးမှု ဖြစ်စေသင့်ပါသည်။

လက်တွဲဖြေရှင်းသင့်

စားနပ်ရိက္ခာဈေးနှုန်းများ မြင့်မားမှုကြောင့် ကမ္ဘာပေါ်တွင် ငတ်မွတ်ခေါင်းပါးသူဦးရေ တိုးပွားလျက်ရှိကြောင်းကို အထူးသတိပြုမိပါသည်။ စားနပ်ရိက္ခာရှားပါးမှုသည် ဆင်းရဲသူများကို အလွန်အမင်း ဆင်းရဲသူများ ဖြစ်စေရန် တွန်းပို့သည့် အကြောင်းအချက်တစ်ရပ် ဖြစ်လာပါသည်။ စားနပ်ရိက္ခာဈေးနှုန်း မြင့်မားမှုဒဏ်ကို ပိုမိုခံစားရသည့် နိုင်ငံများမှာ ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သောကြောင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် အဖွဲ့ကြီး၏ လမ်းညွှန်မှုကိုခံယူကာ စားနပ်ရိက္ခာအကျပ်အတည်းပြဿနာကို လက်တွဲဖြေရှင်းသင့်ပါသည်။

အရှိန်အဟုန်မြှင့်

ယနေ့ကာလတွင် စွမ်းအင်သည် နိုင်ငံများစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် ကိစ္စတစ်ရပ်ဖြစ်လာပါသည်။ ကမ္ဘာတစ်လွှားရှိ စက်မှုလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် သမားရိုးကျ ရုပ်ကြွင်းလောင်စာကိုသာ အားထားရန်မဖြစ်နိုင်တော့သည့်အချက်သည် ကမ္ဘာ့စွမ်းအင်လုံခြုံရေးအတွက် အခြားအစားထိုး စွမ်းအင်အရင်းအမြစ်များ ရှာဖွေရေးကြိုးပမ်းမှုတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် တွန်းအားပေးသကဲ့သို့ ဖြစ်စေပါသည်။

အဓိကအကျဆုံးနည်းလမ်း

ကမ္ဘာကြီးအနေဖြင့် လက်ရှိစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာမှာ ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက် ကတိကဝတ်ပြုမှုများကို ပြည့်မီအောင်ဆောင်ရွက်ရန်အချက်မှာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွက် လွန်စွာ အရေးကြီးပါသည်။ ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ရမည့် သတ်မှတ်ကာလ၏ ထက်ဝက်ကိုရောက်ရှိနေပြီဖြစ်သည့် ယခုအချိန်မှာ ရည်မှန်းချက်တစ်ရပ်ချင်းစီအနေဖြင့်လည်းကောင်း၊ ဒေသများ အကြားတွင်လည်းကောင်း တိုးတက်မှုမညီမျှသည်ကို တွေ့ရှိနေရပါသည်။ ယင်းကဲ့သို့ တိုးတက်မှုနှုန်းများ မညီမမျှဖြစ်နေသည့် အခြေအနေကို ကုစားရန်မှာ ဖွံ့ဖြိုးရေးအတွက် ကမ္ဘာလုံးဆိုင်ရာ တွဲဖက်ဆောင်ရွက်မှုသည် အရေးကြီးဆုံးနှင့် အဓိကအကျဆုံး နည်းလမ်းပင်ဖြစ်ပါသည်။

ရှာဖွေဖော်ထုတ်ပေးရန်

၂၀၁၅ခုနှစ်တွင် အလွန်အမင်း ဆင်းရဲနွမ်းပါးသူဦးရေ ထက်ဝက်လျှော့ချနိုင်ရေး ကမ္ဘာ့ရည်မှန်းချက်ကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရာ၌ ကုလသမဂ္ဂအနေဖြင့် အောင်မြင်မှုများ ရရှိနေသည်ကို ကျွန်ုပ်တို့ ဂုဏ်ပြုကြိုဆိုကြရပါမည်။ ယင်းကဲ့သို့ ရရှိပြီးသော အောင်မြင်မှုများကိုအခြေခံ၍ ဆက်လက်အောင်မြင် တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့်လည်း ပါဝင်ဆောင်ရွက်နိုင်မည်ဟု ခံယူပါသည်။ အဖွဲ့ဝင်နိုင်ငံများအကြား ညီညွတ်စွာဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်အတွက် ကုလသမဂ္ဂအဖွဲ့ကြီး အနေဖြင့် ပိုမို၍ ကြောင်းကျိုးဆီလျော်ညီညွတ်မှုရှိကာ အားသစ်လောင်းစေနိုင်သည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ပေးရန် လိုအပ်နေပြီ ဖြစ်ပါသည်။

အဓိကအခန်းကဏ္ဍ

နိုင်ငံတကာနယ်ပယ်တွင် ကိုယ်စားပြုမှု အကြီးမားဆုံး အဖွဲ့အစည်းတစ်ရပ်ဖြစ်သော ကုလသမဂ္ဂအဖွဲ့ကြီးသည် ကမ္ဘာပေါ်တွင် လက်ရှိရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် (၆၃)နှစ်မြောက် ကမ္ဘာ့ကုလသမဂ္ဂနေ့အခါသမယတွင် ကျွန်ုပ်တို့သည် ကုလသမဂ္ဂအဖွဲ့ကြီးအပေါ်ထားရှိသည့် တူညီသော ကတိကဝတ်များကို ထပ်လောင်းအတည်ပြုပြီး အဖွဲ့ကြီး အနေဖြင့် လူသားကောင်းကျိုးအတွက် မြင့်မြတ်သော လုပ်ငန်းများကို သယ်ပိုးထမ်းဆောင်ရာမှာ အောင်မြင်မှုများ ပိုမိုရရှိစေရန် ဆုတောင်းလိုက်ပါသည်။ ။

ပိုမိုကြွယ်ဝချမ်းသာမည့် ကမ္ဘာကြီးပေါ်ထွန်းလာစေရေး ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့်ရလဒ်ကောင်းများ ဖော်ဆောင်ပေးမည်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၏ ကုလသမဂ္ဂနေ့ အထိမ်းအမှတ်သဝဏ်လွှာမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၀၈ခုနှစ် အောက်တိုဘာ ၂၄

ကုလသမဂ္ဂအဖွဲ့ကြီး၏ (၆၃)နှစ်မြောက် နှစ်ပတ်လည်အခါသမယ၌ မိမိအနေဖြင့် ကမ္ဘာသူကမ္ဘာသားများနှင့်အတူ ကုလသမဂ္ဂနေ့ အထိမ်းအမှတ်ကျင်းပရာတွင် ပါဝင်ဆင်နွှဲပါသည်။

ယခုနှစ်သည် ကုလသမဂ္ဂသက်တမ်းတွင် အရေးကြီးသောနှစ် ဖြစ်ပါသည်။ ၂၁ရာစု၌ ပိုမိုကောင်းမွန်သော ကမ္ဘာကြီးတည်ဆောက်ရေး မျှော်မှန်းချက်ဖြစ်သည့် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်များကို ကျွန်ုပ်တို့ အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ခရီးတစ်ဝက်ကို ကျော်လွန်ဖြတ်သန်းခဲ့ပြီ ဖြစ်ပါသည်။ (၂၁)ရာစုတွင် ဖြစ်ပေါ်လျက်ရှိသည့် ခြိမ်းခြောက်မှုများသည် မည်သူ့ကိုမျှ အလွတ်ပေးလိမ့်မည် မဟုတ်ကြောင်းကို ကျွန်ုပ်တို့အနေဖြင့် ယခင်ကထက်ပို၍ ထင်ရှားစွာ မြင်တွေ့နေရပါသည်။ ရာသီဥတုပြောင်းလဲမှု၊ ရောဂါဘယ ကူးစက်ပြန့်ပွားမှု၊ လူအများသေကျေပျက်စီးနိုင်သည့် လက်နက်များပြန့်ပွားမှုနှင့် အကြမ်းဖက်တိုက်ခိုက်မှုစသည့် အန္တရာယ်တို့သည် နိုင်ငံအသီးသီး၏ နယ်နိမိတ်များကို ဖြတ်ကျော်ဖြစ်ပွားလျက်ရှိနေပါသည်။ ကျွန်ုပ်တို့သည် ကမ္ဘာနှင့်အဝန်း အများကောင်းကျိုးကို တိုးတက်မြင့်မားစေလိုပါလျှင် အများပြည်သူတို့၏ အကျိုးကို ထိန်းသိမ်းစောင့်ရှောက်ရပါမည်။

စိုးရိမ်မကင်းဖြစ်ရ

၂၀၁၅ခုနှစ်ကို ရည်မှန်းသတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေးတွင် နိုင်ငံအများအပြားသည် ချမှတ်ထားသော လမ်းကြောင်းပေါ် မရောက်ရှိကြသေးကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် ကမ္ဘာနှင့်အဝန်း ဖြစ်ပေါ်နေသော ငွေကြေးအကျပ်အတည်း၏ ဆိုးကျိုးနှင့်ပတ်သက်၍လည်း မိမိအနေဖြင့် လွန်စွာမှ စိုးရိမ်မကင်းဖြစ်ရပါသည်။ ဦးဆောင်မှုနှင့် လက်တွဲဆောင်ရွက်မှုစသည့် အချက်(၂)ရပ်မှာ ယခုအချိန်အခါလောက် မည်သည့်အချိန်မှ အရေးပါ အရာမရောက်ခဲ့ဖူးပါ။

ထူးကဲစွာဆောင်ရွက်နိုင်ခဲ့

ကျွန်ုပ်တို့အနေဖြင့် စက်တင်ဘာလတွင် ထောင်စုရည်မှန်းချက်များနှင့် စပ်လျဉ်းသည့်အဆင့်မြင့်ဆွေးနွေးပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းသည် ထူးခြားချက်တစ်ရပ်ဟု ဆိုရပါမည်။ တိုးတက်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ရန်အလို့ငှာ အစိုးရများ၊ စီးပွားရေးလုပ်ငန်းကြီးများကို ဦးဆောင်ဦးရွက်ပြုသူများနှင့် လူမှုအဖွဲ့အစည်းများကို တစုတစည်းတည်း ပေါင်းစည်းတွေ့ဆုံနိုင်စေခဲ့ပါသည်။ ကမ္ဘာပေါ်ရှိ ဆင်းရဲနွမ်းပါးသူများအား အကူအညီပေးရန် ကတိကဝတ်ပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ကိစ္စရပ်များတွင် ယခင်က မကြုံဖူးလောက်အောင်ပင် ထူးကဲစွာ ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

စုစုပေါင်းမည်ရွေ့မည်မျှရရှိမည်ကို မသိရသေးသော်လည်း ကုလသမဂ္ဂ ထောင်စုနှစ် ရည်မှန်းချက်များ အကောင်အထည်ဖော်ရေး ဆွေးနွေးပွဲ၌ ကတိကဝတ်ပြုကြသည့် ငွေကြေးပမာဏသည် အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံ ကျော်ခဲ့ပါသည်။

အတူတကွ လက်တွဲဆောင်ရွက်ခြင်းသည် အနာဂတ်အတွက် ဆောင်ရွက်ရမည့် နည်းလမ်းဖြစ်ပါသည်။ ကမ္ဘာနှင့်အဝန်း ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်း အောင်မြင်တိုးတက်မှုသည် သာဓကတစ်ရပ်ဖြစ်ပါသည်။ စက္ကန့်၃၀တိုင်းတွင် ကလေးငယ်တစ်ဦး သေဆုံးစေသည့် ဤရောဂါဆိုးကို ကမ္ဘာနှင့်အဝန်း စုပေါင်းကြိုးပမ်းမှုဖြင့် ဟန့်တားနိုင်ခဲ့ပါပြီ။ ငွေကြေး ပိုမို အကုန်အကျခံမှု၊ ကမ္ဘာနှင့်အဝန်း ညှိနှိုင်းစီမံဆောင်ရွက်မှုနှင့် သိပ္ပံနှင့် နည်းပညာ တိုးတက်မှုတို့ဖြင့် နိုင်ငံအသီးသီးတွင် စီမံကိန်းများချမှတ် ဆောင်ရွက်ခဲ့ခြင်းကြောင့် အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်ပါသည်။

စံနမူနာယူ

ပေါ့ဇ်နန်နှင့် ကိုပင်ဟေဂင် အစည်းအဝေးများကျင်းပရန် အချိန်နီးကပ်လာသည်နှင့်အမျှ ရာသီဥတုပြောင်းလဲမှုကိစ္စ အပါအဝင် အခြား စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ရာ၌ အဆိုပါနည်းနိဿယကို စံနမူနာ အဖြစ်ယူရပါမည်။ အခြားသော ထောင်စုနှစ် ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ရန်အတွက်လည်း အဆိုပါနည်းနိဿယများ ကိုပင် စံနမူနာယူရမည် ဖြစ်ပါသည်။

ဤအောင်မြင်မှုများကို အခြေခံ၍ ကမ္ဘာကြီးကို ပိုမိုတိုးတက်အောင် ဆက်လက် တည်ဆောက်သွားကြပါစို့။ အချိန်ကို အလဟဿအဖြစ် မခံနိုင်တော့ပါ။ ပိုမိုလုံခြုံစိတ်ချရ၍ လူများပိုမိုကျန်းမာရွှင်လန်းပြီး ပိုမိုကြွယ်ဝချမ်းသာမည့် ကမ္ဘာကြီး ပေါ်ထွန်းလာစေရေးအတွက် ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ရလဒ်ကောင်းများ ဖော်ဆောင်ပေးရပါမည်။ ဤကုလသမဂ္ဂနေ့အခါသမယတွင် ခေါင်းဆောင်များနှင့်လက်တွဲ ဆောင်ရွက်ကြသူအပေါင်းတို့သည် မိမိတို့ ကတိကဝတ် ပြုထားသည့်အတိုင်း ဆောင်ရွက်ရမည့် အခန်းကဏ္ဍများကို အကောင်အထည်ဖော် ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

ကျေးလက်ပြည်သူများ သောက်သုံးရေဖူလုံရေး တနိုင်း၌ စက်ရေတွင်းတူးဖော်

တနိုင်း အောက်တိုဘာ ၂၄

တနိုင်းမြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများသည် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိစေရေးအတွက် စက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေး လျက်ရှိရာ အောက်တိုဘာ ၂ရက်က တူးဖော်ပြီး စက်ရေတွင်းများ ကြံ့ခိုင်ရေးနှင့် ပြည်သူများ စနစ်တကျသုံးစွဲနိုင်ရေးအတွက်အမှုဆောင်အရာရှိ ဦးဝင်းမြတ်သိန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမျိုးအောင်၊ ကျေးရွာရေကော်မတီများမှ လမုန်ကျေးရွာ၊ သာယာ(၁)ကျေးရွာရှိ စက်ရေတွင်း၊ ရေစက်ရုံ၊ ရေကန်များ ပြုပြင်ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှု ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

အမေရိကန်တို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက် ပါကစ္စတန်ပြည်သူ ခုနစ်ဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရရှိ

အစ္စလမ္မာဘတ် အောက်တိုဘာ ၂၄

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ဘာသာရေးကျောင်းတစ်ကျောင်းကို အောက်တိုဘာ ၂၃ရက်က အမေရိကန်လေကြောင်းမှပစ်ခတ်သည့် ဒုံးကျည်များ ထိမှန်သည့်အတွက် အနည်းဆုံးလူငယ် ခုနစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ပြောကြား

အဆိုပါကျောင်းမှာ အယ်လ်ခိုင်ဒါ ခေါင်းဆောင် ဂျာလာဟူဒင် ဟက်ကာနီ၏ နေအိမ်အနီး၌ တည်ရှိသည်။ အောက်တိုဘာ ၂၃ရက် စောစောပိုင်းက အဆိုပါကျောင်းကို အမေရိကန်မောင်းသူမဲ့ လေယာဉ်က အနည်းဆုံး ဒုံးကျည်ဖြင့် နှစ်ကြိမ်ပစ်ခတ်သည်ဟုလည်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ဒဏ်ရာရသူ ခြောက်ဦးရှိသည်။

စုံစမ်းစစ်ဆေး

ယင်းကိစ္စကို ပါကစ္စတန်စစ်ဘက်က စုံစမ်းစစ်ဆေးလျက်ရှိသည်။ အမေရိကန်တို့ကမူ တစ်စုံတစ်ရာပြောကြားခြင်း မပြုပေ။

တိုက်တွန်း

ပါကစ္စတန်အစိုးရက နိုင်ငံ့အချုပ်အခြာအာဏာကို ကာကွယ်ပြီး ထိုဒေသမှ နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများကို နှင်ထုတ်ရန် တိုက်တွန်းထားသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ပါကစ္စတန်ပါလီမန်က တညီတညွတ်တည်း ချမှတ်ပြီးနောက် နာရီပိုင်းအတွင်း အထက်ပါအတိုင်း တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့ရသည့် အဆောက်အအုံကို အောက်တိုဘာ ၂၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး အာဖဂန်တွင် လမ်းဘေးဗုံးထိမှန် သေဆုံး

ကဘူးလ် အောက်တိုဘာ ၂၄

အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်သုံးဦးသည် လမ်းဘေးထောင်ဗုံးဖြင့် တိုက်ခိုက်ခံရပြီး သေဆုံးသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ဖော်ပြ

အာဖဂန်နစ္စတန်နိုင်ငံ၌ ယခုနှစ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ မြင့်တက်လျက်ရှိရာ အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိလာကြောင်း၊ ယင်းအကြမ်းဖက်မှုများအတွင်း လူပေါင်း ၄၀၀၀ခန့် သေဆုံးခဲ့ပြီးဖြစ်ရာ သုံးပုံတစ်ပုံမှာ အရပ်သားများဖြစ်ကြောင်း၊ ၂၀၀၁ခုနှစ်က တာလီဘန်အစိုးရကို အမေရိကန်ဦးဆောင်သော တပ်များက ဖြုတ်ချခဲ့ပြီးနောက် သွေးထွက်သံယိုအဖြစ်ဆုံး အချိန်ကာလဖြစ်ကြောင်း အမေရိကန်စစ်ဘက်ကြေညာချက်၌ ဖော်ပြသည်။

လမ်းဘေးဗုံးပေါက်ကွဲ

အဆိုပါလမ်းဘေးဗုံး ပေါက်ကွဲမှုသည် အောက်တိုဘာ၂၂ရက်က အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း၌ ကင်းလှည့်နေစဉ် လမ်းဘေးဗုံးပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

အီရတ်ဝန်ကြီး၏ ယာဉ်တန်း အသေခံကားဗုံးခွဲမှု ကိုးဦးသေဆုံး လူ ၂၀ ဒဏ်ရာရရှိ

ဘဂ္ဂဒက် အောက်တိုဘာ ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၌ အီရတ်အလုပ်သမားဝန်ကြီး မာမွတ်ဂျဝပ်အယ်ရာဒီ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တန်းကို အသေခံဗုံးခွဲ တိုက်ခိုက်သဖြင့် ကိုးဦး သေဆုံးသွားသည်။

ဒဏ်ရာရရှိ

ဖောက်ခွဲရေးပစ္စည်းများ အပြည့်တင်ဆောင်ထားသည့် မော်တော်ကားကို အသေခံဗုံးခွဲသူက မော်တော်ယာဉ်တန်းအတွင်းသို့ အောက်တိုဘာ ၂၃ရက်က မောင်းနှင်ဗုံးခွဲလိုက်ခြင်း ဖြစ်သည်။ ဒဏ်ရာရသူ ၂၀ ရှိသည်။

အီရတ်အလုပ်သမားဝန်ကြီး မာမွတ်ဂျဝပ်အယ်ရာဒီမှာမူ ထိခိုက်ဒဏ်ရာရခြင်းမရှိဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တိုက်ခိုက်

ဘဂ္ဂဒက်မြို့တောင်ဘက် ဘာဘီးပြည်နယ်လုံခြုံရေးကို အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်လုံခြုံရေးများလက်သို့လွှဲရန် အောက်တိုဘာ ၂၃ရက် မွန်းလွဲပိုင်းက ပြင်ဆင်နေစဉ် ယင်းကဲ့သို့ အသေခံကား ဗုံးခွဲတိုက်ခိုက်ခြင်း ဖြစ်သည်။

(အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အလုပ်သမားဝန်ကြီး၏ ယာဉ်တန်း ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံအရှေ့မြောက်ပိုင်း ဘာကူဘာမြို့ရှိ ဆေးရုံတွင် ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသွားသူတစ်ဦး ဆေးဝါးကုသမှုခံယူလျက်ရှိသည်ကို အောက်တိုဘာ၂၃ရက်က တွေ့ရစဉ်။

(ယင်း ဗုံးပေါက်ကွဲမှုမှာ ဘာကူဘာမြို့ ဈေးကြီးအတွင်း ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး အရပ်သား၁၅ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။)

(အင်တာနက်ဓာတ်ပုံ)

မြည်းတစ်ကောင်၏ကိုယ်တွင် ဖောက်ခွဲရေးပစ္စည်းများတပ်ဆင်၍ ဖောက်ခွဲတိုက်ခိုက် အာဖဂန်၌ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ အရပ်သားတစ်ဦးအပါအဝင် သုံးဦးဒဏ်ရာရရှိ

ကဘူးလ် အောက်တိုဘာ ၂၄

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ အောက်တိုဘာ ၂၃ရက်က ယာဉ်အနီးသို့ မြည်းတစ်ကောင်၏ကိုယ်တွင် ပေါက်ကွဲစေသည့် ပစ္စည်းများတပ်ဆင်လျက် ရဲတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် ယာဉ်အနီးအရောက် အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အရပ်သားတစ်ဦး အပါအဝင် သုံးဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့အရာရှိတစ်ဦးက ပြောကြားသည်။

ကန်ဒါဟာမြို့အနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဗုံးပေါက်ကွဲမှုအရှိန်ကြောင့် ကားမှာရေနုတ်မြောင်းအတွင်းသို့ ထိုးကျသွားခဲ့ကြောင်း**(အောက်ဝဲပုံ)**၊ တာလီဘန်အကြမ်းဖက်သမားများ၏ အမာခံနယ်မြေဒေသများ၌ ဗုံးခွဲတိုက်ခိုက် မှုများမှာ တိုးပွားလာလျက်ရှိကြောင်း ၄င်းက ထပ်လောင်းပြောကြားသည်။

ဖောက်ခွဲတိုက်ခိုက်

ဖောက်ခွဲရေးပစ္စည်းများကို မြည်းကိုယ်တွင် ကြိုးဖြင့်ချည်နှောင်ကာ အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများမှာ အခင်းဖြစ်ပွားရာမှ မီတာ ၅၀အကွာရှိ ပန်းခြံထဲမှနေ၍ ဖောက်ခွဲတိုက်ခိုက်ခြင်း ဖြစ်နိုင်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆန့်ကျင်

အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်များနှင့် ၄င်းတို့အား ထောက်ခံသည့် အာဖဂန်နစ္စတန်နိုင်ငံ သမ္မတ ဟာမစ်ကာဇိုင်းအစိုးရအဖွဲ့အား တာလီဘန်အကြမ်းဖက်သမားများက ဆန့်ကျင်တိုက်ခိုက်သည့် အနေဖြင့် နေရာအနှံ့ ဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အာဖဂန်ပြည်သူများ သေဆုံးဒဏ်ရာရရှိမှုများမှာ နေ့စဉ်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

(အင်တာနက်)

ပြင်သစ်အရှေ့ပိုင်း၌အီတလီရဟတ်ယာဉ်ပျက်ကျ လိုက်ပါလာသူ ရှစ်ဦးစလုံး သေဆုံး

ပါရီ အောက်တိုဘာ ၂၄

ပြင်သစ်နိုင်ငံအရှေ့ပိုင်း မြူးစ်ပြည်နယ်တွင် အီတလီစစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်း အောက်တိုဘာ ၂၃ရက်က ပျက်ကျခဲ့ကြောင်း ပြင်သစ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းရဟတ်ယာဉ် ပျက်ကျမှုကြောင့် ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာသူရှစ်ဦးစလုံး သေဆုံးသွားခဲ့သည်။ ရဟတ်ယာဉ်ပျက်ကျရာသို့ ပြင်သစ်မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိသွားချိန်တွင် အားလုံးမှာ သေဆုံးနေကြပြီဖြစ်သည်။

စုံစမ်းစစ်ဆေး

ရဟတ်ယာဉ် စတင်ပျံသန်းစဉ်တွင် ရာသီဥတုအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း ပျက်ကျမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

ပျက်ကျခဲ့သည့် ရဟတ်ယာဉ်မှာ ပြင်သစ်-အီတလီ ပူးပေါင်းစစ်ရေးလေ့ကျင့်မှုတွင် အသုံးပြုသည့် ရဟတ်ယာဉ်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ပြည်သူအပေါင်း၏ လူနေမှုအဆင့်အတန်းမြင့်မားစေရေး ဆောင်ရွက်ရာတွင် ပြည်တွင်းအရင်းအမြစ်များကို အခြေခံပြီး ကြိုးပမ်းဆောင်ရွက်နေ

● *ကျော်ဖုံးမှ*

နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စတာဘီရှိုးပါရာဂျုလီ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ (၆၃)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး အမှူးပြုသော သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဦးဆောင်မှုပေး

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက မိန့်ခွန်းပြောကြားရာတွင်- ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ယခင်နှစ်များနည်းတူ (၆၃)နှစ်မြောက် ကုလသမဂ္ဂနေ့အခမ်းအနားကို အစဉ်အလာမပျက် ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်သည့်အတွက် မိမိအနေဖြင့် များစွာ နှစ်ထောင်းအားရ ဂုဏ်ယူမိပါသည်ဟု ပထမဦးစွာ ပြောကြားလိုပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရေးနှင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် လူသားချင်း စာနာထောက်ထားရေး စသည့် နယ်ပယ်များတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး စသည့် တာဝန်များကို ထမ်းဆောင်ရာ၌ ရည်ရွယ်ချက်နှင့် အခြေခံမူများကို ခိုင်မြဲစွာဆုပ်ကိုင်လျက် ပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဖွဲ့ကြီးစတင်တည်ထောင်ချိန်မှစပြီး (၆၃)နှစ်တာ ကာလတစ်လျှောက်လုံး ကမ္ဘာကြီးကို ဦးဆောင်မှု ပေးနိုင်ခဲ့ပါကြောင်း။

ဆက်လက်ထောက်ခံ

မြန်မာနိုင်ငံသည်၁၉၄၈ခုနှစ်လွတ်လပ်ရေးရရှိပြီး ကုလသမဂ္ဂအဖွဲ့ဝင် ဖြစ်ကတည်းက အဖွဲ့ကြီး၏ လှုပ်ရှားဆောင်ရွက်မှုများတွင်ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ အနာဂတ်တွင်လည်း မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးကို ဆက်လက်ထောက်ခံသွားမည်ဟု ပြောကြားလိုကြောင်း။

လမ်းခင်းပေး

ယခုကဲ့သို့ အခွင့်ကြုံခိုက် မြန်မာနိုင်ငံတွင် မကြာသေးမီက ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ပြောကြားလိုကြောင်း၊ မိမိတို့အနေဖြင့် လွန်ခဲ့သည့် ကာလများအတွင်းတွင် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အကောင်အထည်ဖော် တည်ဆောက်ရေးလုပ်ငန်း၌ သိသာထင်ရှားသည့် အောင်မြင်တိုးတက်မှုများ ရရှိနေကြောင်း၊ ယခင်နှစ် စက်တင်ဘာလအတွင်းက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ ပထမဆုံးအဆင့်ဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် အမျိုးသားညီလာခံကို အောင်မြင်စွာ ကျင်းပပြီးသည့်နောက် ၂၀၀၈ခုနှစ် မေလတွင် အခြေခံဥပဒေမူကြမ်းကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ ပဉ္စမအဆင့်ဖြစ်သည့် အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ခုနှစ်တွင် ကျင်းပနိုင်ရန်အတွက် လမ်းခင်းပေးလိုက်သည့် သဘောဆောင်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၀ခုနှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတမှုရှိသည့်ရွေးကောက်ပွဲဖြစ်စေရန် မလျှော့သော အားထုတ်၊ ကြိုးပမ်းမှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။



ပတ်ကြား

ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၏ ၂၀၀၈ ခုနှစ် (၆၃) နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် သဝဏ်လွှာကို ကုလသမဂ္ဂ အဖွဲ့အစည်းများ ဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စတာ ဘီရှိုးပါရာဂျုလီ ဖတ်ကြားစဉ်။
(သတင်းစဉ်)

ကြိုးပမ်းဆောင်ရွက်နေ

ဤနေရာတွင် ကုလသမဂ္ဂ၏ လုပ်ငန်းရပ်များနှင့်စပ်လျဉ်း၍ အနည်းငယ်ပြောကြားလိုကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုကြီးများအနက် တစ်ရပ်မှာ ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရေးဖြစ်ကြောင်း၊ ယခုဆိုလျှင် ၂၀၁၅ခုနှစ်တွင် ပြီးမြောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ရည်မှန်းချက်များ၏ ခရီးတစ်ဝက်ကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များ အပါအဝင် နိုင်ငံတကာသဘောတူထားသည့် ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများကို အကူအညီပေးရန်ရှိသည့် ကတိကဝတ်များ ဖြည့်ဆည်းရေး၌ လိုအပ်ချက်များစွာ ရှိနေသေးသည်ကို တွေ့ရှိရကြောင်း၊ ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးနှင့် ပြည်သူအပေါင်း၏ လူနေမှုအဆင့်အတန်းမြင့်မားစေရေး ဆောင်ရွက်ရာတွင် မိမိတို့ မြန်မာနိုင်ငံသည် ပြည်တွင်းအရင်းအမြစ်များကို အခြေခံပြီး ကြိုးပမ်းဆောင်ရွက်နေသည်ကို ထည့်သွင်းပြောကြားလိုကြောင်း။

တိုးတက်မှုများရရှိ

လက်ရှိမြန်မာနိုင်ငံတွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အပါအဝင် ကုလသမဂ္ဂအေဂျင်စီရုံးများဖွင့်လှစ်ထားရှိကြောင်း၊ ဤကုလသမဂ္ဂရုံးများအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ကူညီဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံနှင့် ဤအေဂျင်စီများ၏ ပူးပေါင်းဆောင်ရွက်မှုသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုများ ရရှိနေကြောင်း။

အခြေခံအုတ်မြစ်

ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံ နိုင်ငံခြားရေးမူဝါဒ၏ အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ဤသို့သော စိတ်ဓာတ်အခြေခံဖြင့် ကုလသမဂ္ဂအဖွဲ့ကြီး၏ နယ်ပယ်အများအပြားတွင် စဉ်ဆက်မပြတ် ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးနှင့် ပူးပေါင်းဆောင်ရွက်နေသည့် မြန်မာနိုင်ငံ၏ ဆန္ဒသဘောမှန်ကို ကုလသမဂ္ဂ အကြီးတန်းအရာရှိကြီးများ မြန်မာနိုင်ငံသို့လာရောက်ပြီး လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ကြောင်း၊ ယခုနှစ်အတွင်းမှာ ကုလသမဂ္ဂအကြီးတန်း အရာရှိများစွာသည် မြန်မာနိုင်ငံကို လာရောက်ခဲ့ကြကြောင်း၊ ၎င်းတို့အနက် ၂၀၀၈ ခုနှစ် မေလတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း မြန်မာနိုင်ငံကို လာရောက်နိုင်မှုအပေါ် မိမိတို့ ဂုဏ်ယူပါကြောင်း ပြောကြားလိုကြောင်း၊ ထို့အပြင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေး ပုဂ္ဂိုလ်ဖြစ်သည့် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ အီဘရာဟင်ဂမ်ဘာရီ၊ ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များနှင့် အရေးပေါ်အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးဖြစ်သူ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဂျွန်ဟုမ်းစ်၊ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေး ကော်မရှင် အမှုဆောင် အတွင်းရေးမှူးဖြစ်သူ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် ဒေါက်တာ နိုလင်းဟေဇာနှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ တိုမာ့(စ်) အိုဂျေးအားကွင်တားနားတို့ လာရောက်ခဲ့ကြကြောင်း။



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော ၂၀၀၈ ခုနှစ်(၆၃)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် သဝဏ်လွှာကို နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ဖတ်ကြားစဉ်။
(သတင်းစဉ်)

ကျေးဇူးတင်ရှိ

ဆက်လက်ပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကိစ္စနှင့် ပတ်သက်၍ ပြောကြားလိုကြောင်း၊ မကြာသေးမီနှစ်များအတွင်းက ကမ္ဘာကြီးပူနွေးလာမှုကြောင့် အင်အားကြီးသည့် အပူပိုင်းမုန်တိုင်းများသည် ကမ္ဘာ့နေရာတော်တော်များများတွင် ပြင်းထန်စွာ တိုက်ခတ်ခဲ့ကြောင်း၊ အားလုံးသိရှိပြီးဖြစ်သည့်အတိုင်း အလွန်အင်အားကြီးမားသည့် နာဂစ်မုန်တိုင်းသည် ယခုနှစ် မေလအတွင်း မြန်မာနိုင်ငံ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းများ၌ မြန်မာနိုင်ငံတွင် မကြုံစဖူး ပြင်းထန်စွာ တိုက်ခတ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများ၏ ကြိုးပမ်းမှုနှင့် နိုင်ငံတကာ၏ အကူအညီ ပေးအပ်မှုတို့ကြောင့် မုန်တိုင်းဒဏ်ခံရသည့် ဒေသများက ပြည်သူအပေါင်း၏ လိုအပ်ချက်များကို လျင်မြန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဤနေရာတွင် လိုအပ်သည့် ပစ္စည်းများနှင့် အကူအညီများကို အချိန်မီပေးအပ်ခဲ့သည့် ကုလသမဂ္ဂနှင့် ၎င်း၏အထူးအေဂျင်စီများ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၊ အလှူရှင်နိုင်ငံများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် တစ်ဦးချင်း အလှူရှင်များကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ပြောကြားလိုပါကြောင်း။

တိုးမြှင့်ဆောင်ရွက်

ထို့အပြင် အာဆီယံ ဦးဆောင်ပြီး မြန်မာနိုင်ငံအစိုးရ၊ ကုလသမဂ္ဂနှင့် အာဆီယံတို့ ညှိနှိုင်းဆောင်ရွက်သည့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မိမိတို့သည် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ယုံကြည်

မြန်မာနိုင်ငံအစိုးရ၊ ပြည်သူများ၊ တပ်မတော်၊ လူမှုရေးအဖွဲ့အစည်းများနှင့် မြန်မာ့စီးပွားရေး လုပ်ငန်းရှင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများသည် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ လုပ်ငန်းများအောင်မြင်မှုအတွက် အားဖြည့်ပေးရာရောက်ကြောင်းကိုလည်း ထည့်သွင်းပြောကြားလိုကြောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ကြသည့်နေရာတွင် မြန်မာနိုင်ငံနှင့်နိုင်ငံတကာ အသိုက်အဝန်းအကြား ထိရောက်အောင်မြင်စွာ ပေါင်းစပ်ညှိနှိုင်းပေးနိုင်သည့်အတွက် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ကိုလည်း ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း ပြောကြားလိုကြောင်း၊ဆက်လက်ပြီး ပြန်လည်ထူထောင်ရေး ရေရှည်စီမံကိန်းများကိုလည်း ချမှတ်ဆောင်ရွက်နိုင်မည်ဟုယုံကြည်ပါကြောင်း။

ပူးပေါင်းဆောင်ရွက်မည်

တစ်ကမ္ဘာလုံး ယှက်နွယ်ဆက်စပ်မှုရှိနေသည့် ယခုလိုခေတ်ကာလတွင်ကမ္ဘာကြီးသည် ရွာတစ်ရွာကဲ့သို့ဖြစ်လာပြီး ကွဲပြားခြားနားသည့် ပြဿနာများနှင့် စိုးရိမ်ဖွယ် စိန်ခေါ်မှုများကို ရင်ဆိုင်နေရကြောင်း၊ ကမ္ဘာကြီးရင်ဆိုင်နေရသည့်ဤစိန်ခေါ်မှုများကိုဖြေရှင်းသည့်နေရာတွင် မည်သည့်နိုင်ငံမှ တစ်ဦးတစ်ယောက်တည်းရင်ဆိုင်မဖြေရှင်းနိုင်ကြောင်း၊ ထို့ကြောင့် ယင်းကိစ္စများကို ဖြေရှင်းဆောင်ရွက်ရာတွင် ကုလသမဂ္ဂအဖွဲ့ကြီးက ဦးဆောင်ပြီး နိုင်ငံများ၏ ပေါင်းစုအားဖြင့်သာ ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ဤကဲ့သို့ပေါင်းစုအားဖြင့် ဆောင်ရွက်ရင်း လူသားကောင်းကျိုးအတွက် တိုးမြှင့်ဆောင်ရွက်သင့်ပါကြောင်းနှင့် ဆောင်ရွက်နိုင်သည့်အားလည်း ရှိပါကြောင်းကို ပြောကြားလိုပါကြောင်း။

ယခုကဲ့သို့ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နေ့တွင် မိမိတို့သည် ကုလသမဂ္ဂအဖွဲ့ကြီးကိုလည်းကောင်း၊ ကုလသမဂ္ဂက လူသားများအတွက် ဆောင်ရွက်လျက်ရှိသည့် မြင့်မြတ်သော လုပ်ငန်းများကိုလည်းကောင်း အပြည့်အဝထောက်ခံပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ထပ်လောင်း အတည်ပြုပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်သဝဏ်လွှာကို နိုင်ငံခြားရေး ဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးကျော်သူကဖတ်ကြားသည်။

(ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို သီးခြား ဖော်ပြထားပါသည်။)

ဆက်လက်၍ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏ ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်သဝဏ်လွှာကို ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စတာ ဘီရှိုးပါရာဂျုလီက ဖတ်ကြားသည်။

(ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၏ သဝဏ်လွှာကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အဖြစ်ကျင်းပခဲ့သည့် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲတွင် ပထမဆုရရှိသော အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော် တပ်ကုန်းမှ အဋ္ဌမတန်း ကျောင်းသား မောင်မျိုးအောင်မင်း၊ ဒုတိယဆုရရှိသော အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း နေပြည်တော်ပျဉ်းမနားမှ အဋ္ဌမတန်း ကျောင်းသူ မမြချယ်ရီ၊ တတိယဆုရရှိသော အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နေပြည်တော် ပျဉ်းမနားမှ နဝမတန်းကျောင်းသား မောင်စည်သူနှင့် အထူးဆုရရှိသော အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော် လယ်ဝေးမှ အဋ္ဌမတန်း ကျောင်းသား မောင်နန်းဦးတို့အား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသော အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နေပြည်တော် ပျဉ်းမနားမှ သတ္တမတန်းကျောင်းသူ မရွှန်းလဲ့ကေခိုင်၊ ဒုတိယဆုရရှိသော အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နေပြည်တော် လယ်ဝေးမှ သတ္တမတန်း ကျောင်းသူ မမေဖူးမွန်၊ တတိယဆုရရှိသော အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော် ပျဉ်းမနားမှ ဆဋ္ဌမတန်းကျောင်းသား မောင်ချမ်းဟိန်းနှင့် အထူးဆုရရှိသော အမှတ်(၄)အခြေခံပညာ အလယ်တန်းကျောင်း နေပြည်တော် တပ်ကုန်းမှ ဆဋ္ဌမတန်း ကျောင်းသား မောင်အောင်မြင့်မြတ်တို့အား နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက ဆုများကို ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၇ ကော်လံ ၁

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ
		ရာထူး၊ဌာန
(က)	ဦးငွေးလွင်	ညွှန်ကြားရေးမှူးချုပ် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန
(ခ)	ဦးမောင်မြင့်	ညွှန်ကြားရေးမှူးချုပ် ပြည်သူ့အင်အားဦးစီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန
(ဂ)	ဦးမြင့်ငွေး	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း စွမ်းအင်ဝန်ကြီးဌာန
(ဃ)	ဦးမြသိန်း	ညွှန်ကြားရေးမှူးချုပ် တရားရုံးချုပ်(မန္တလေး)

25-10 (05).pmd 1 10/25/2008, 2:42 AM

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တွင်းကြည့်ရှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ၂၃ရက် နံနက် ၁၀နာရီတွင် နန်နင်းမြို့၌ အထပ်အမြင့်ဆုံး ဆောက်လုပ်ထားသည့် **International Chamber of Commerce Tower** သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး မစ္စတာမာပြောင်း နန်နင်းမြို့ လီယွမ်ဟိုတယ် ဧည့်ရိပ်သာအမှတ်(၁၇) ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

ထိုသို့ ဂါရဝပြုတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်ရှိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ သတ္တုတွင်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးမောင်မြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့တက်ရောက်ကြပြီး ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး မစ္စတာမာပြောင်းနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာကွမ်မု၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသပါတီ အမြဲတမ်းကော်မတီဝင် မစ္စတာရှန်းပေဟိုင်၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင် အုပ်ချုပ်ရေးဒေသပါတီကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာဝမ်ယွဲ့ဖေးနှင့် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် မစ္စဖန်ရှောင်လိတို့ တက်ရောက်ကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင် အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး မစ္စတာမာပြောင်းက ပြောကြားရာ၌ တရုတ်-မြန်မာ နှစ်နိုင်ငံတို့သည် ရင်းနှီးသည့် အိမ်နီးချင်းကောင်းများဖြစ်ကြပြီး မိမိတို့ဒေသနှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများလည်း များစွာရှိပါကြောင်း။

အားပေးလျက်ရှိ

မိမိတို့ဒေသသည် ယခင်က ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခဲ့သော်လည်း ယခုအခါ အာဆီယံနိုင်ငံများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်သည့် ဒေသတစ်ခုဖြစ်လာပါကြောင်း။

ဗဟိုအစိုးရမှ ချမှတ်ခဲ့သည့် အနောက်တောင်ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နယ်မြေတည်ဆောက်ရေး မူဝါဒအရ မိမိတို့ဒေသအား ပိုမိုတိုးတက်သည့်ဒေသအဖြစ် တည်ဆောက်လျက်ရှိပါကြောင်း၊ ဗဟိုအစိုးရမှ မိမိတို့ဒေသနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်စေရန် အားပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် သယံဇာတများစွာရှိပြီး ကွမ်ရှီးဒေသတွင် နည်းပညာဖွံ့ဖြိုးတိုးတက်မှုရှိရာ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်၍ နှစ်ဖက်အကျိုးစီးပွားများကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့ နန်နင်းမြို့တွင်အာဆီယံနိုင်ငံများမှ ကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်နိုင်ရေးအတွက် မြေနေရာသတ်မှတ်ပေးထားပြီဖြစ်ရာ မြန်မာနိုင်ငံအစိုးရအနေဖြင့် နန်နင်းမြို့တွင် ကောင်စစ်ဝန်ချုပ်ရုံး ဆောလျင်စွာဖွင့်လှစ်နိုင်ရေး ပြောကြားလိုပါကြောင်း။

တရုတ်ဗဟိုအစိုးရအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့နှင့် ဆွေးနွေးကာ အာဆီယံကုန်သွယ်ရေးဗဟိုဌာနတစ်ခုထားရှိရေးနှင့် ကွမ်ရှီးဒေသတွင် အဖွဲ့ခွဲရုံးတစ်ခုထားရှိရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

တက်ကြွစွာပါဝင်

မဟာမဲခေါင်ဒေသခွဲ ပူးပေါင်းဆောင်ရွက်မှုကဲ့သို့ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင်လည်း မိမိတို့ဒေသမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုနှစ်မတ်လတွင် လာအိုနိုင်ငံ၌ကျင်းပခဲ့သည့် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးတွင် တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်မှ အာဆီယံနိုင်ငံများတွင် ဇီဝဓာတ်ငွေ့ကန်များ တည်ဆောက်ပေးရေး စီမံကိန်းနှင့် အာဆီယံနိုင်ငံများမှ ကျောင်းသားများအား တရုတ်နိုင်ငံတွင် ပညာသင်ဆုပေးရေးစီမံကိန်းတို့ ချမှတ်ဆောင်ရွက်ပေးရန် အဆိုပြုခဲ့ပြီးဖြစ်၍ ကွမ်ရှီးဒေသရှိ တက္ကသိုလ်များတွင် ပညာသင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်ကြောင်း ပြောကြားလိုကြောင်း။

ယုံကြည်

မြန်မာနိုင်ငံတွင် သဘာဝသယံဇာတများ ပေါများသည့်အတွက် သတ္တုလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများတွင်လည်း နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လိုပါကြောင်း၊ အောင်မြင်မည်ဟုလည်း ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ပြောကြားရာတွင် ၂၀၀၃ခုနှစ်တွင်ကျင်းပသည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် တရုတ်နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်မှ အဆိုပြု၍ အကောင်အထည်ဖော်ခဲ့သည့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့သည်မှာ ယခုအခါ ပဉ္စမအကြိမ်သို့ပင် အောင်မြင်စွာ ဆက်လက်ကျင်းပနိုင်ခဲ့သည်ကို ဝမ်းမြောက်စွာတွေ့မြင်ရပါကြောင်း။

ယခုကဲ့သို့ နှစ်စဉ်ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးများ ကျင်းပခြင်းအားဖြင့် တရုတ်နိုင်ငံနှင့်အာဆီယံနိုင်ငံများအကြား စီးပွားရေးနှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေရုံမျှမက သတင်းနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအတွက်လည်း အထောက်အကူဖြစ်စေပါကြောင်း။

ယခုကျင်းပသည့် ကုန်စည်ပြပွဲနှင့်ထိပ်သီးအစည်းအဝေးများက နှစ်ဖက်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ပိုမိုမြှင့်တင်ပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

ဖိတ်ခေါ်

မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံမှ ယူနန်ပြည်နယ်ရှိ စီးပွားရေးကုမ္ပဏီများနှင့် ရေအားလျှပ်စစ်ထုတ်လုပ်သည့်လုပ်ငန်း၊ ဓာတ်သတ္တုထုတ်လုပ်သည့်လုပ်ငန်း၊ ရေလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများစွာရှိရာ ကွမ်ရှီးပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလာရောက်ဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့မှာ အထူးကောင်းမွန်လျက်ရှိသည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်ရပါကြောင်းဖြင့် ပြောကြားသည်။

(သတင်းစဉ်)



ကြည့်ရှုလေ့လာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ရေကန်ဥယျာဉ် (Lake Garden) တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ကြည့်ရှုလေ့လာ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမြင့် ၂၇၆ မီတာမြင့်ပြီး အထပ် ၅၉ထပ်ရှိသည့် Tower ပေါ်သို့ တက်ရောက်၍ နန်နင်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှု၊ ခေတ်မီ အဆောက်အအုံများ၊ အပန်းဖြေဥယျာဉ်နှင့် ပြည်သူ့ရင်ပြင်၊ မော်တော်ကားလမ်းများနှင့် ယုန်းမြစ်တို့ကို ကြည့်ရှု လေ့လာကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေကန်ဥယျာဉ်သို့ ရောက်ရှိကြပြီး ဥယျာဉ်အတွင်း သစ်ပင်ပန်းပင်များကို စနစ်တကျ လှပစွာ အကွက်ချစိုက်ပျိုးထားရှိမှု၊ စိမ်းလန်းစိုပြည် သာယာလှပရေး စီမံဆောင်ရွက်ထားမှု၊ ပြည်သူများ လာရောက် အပန်းဖြေရန် စီစဉ်ပေးထားမှုနှင့် ပူအိုက်သောရာသီတွင် အပန်းဖြေ လာရောက်သည့် ပြည်သူများ သဘာဝ အေးမြသော ရာသီဥတုအတိုင်း ရရှိခံစားနိုင်ရေးအတွက် ဖန်တီးပြုလုပ် ထားရှိမှုတို့ကို ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုသည့် လီယွမ်ဟိုတယ်သို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် ခေတ္တတည်းခိုသည့် လီယွမ်ဟိုတယ်မှ နန်နင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည့် ဒေသခံ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် တိုင်းရင်းသား တိုင်းရင်းသူများ၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသပါတီ အမြဲတမ်းကော်မတီဝင် မစ္စတာရှန်းပေဟိုင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မု၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နိုင်ငံခြားရေးရုံး ဒုတိယအကြီးအကဲ မစ္စတာ ကျူးရှုဟွားနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ရောက်ရှိ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေ ၄နာရီခွဲတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသပါတီ အမြဲတမ်းကော်မတီဝင် မစ္စတာ ရှန်းပေဟိုင် နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း **အာကာသသိပ္ပံ**

ဆိုယုဇ်အာကာသယာဉ် ကမ္ဘာမြေပြင်သို့ ချောမောစွာဆင်းသက်နိုင်

မော်စကို အောက်တိုဘာ ၂၄

ရုရှားအာကာသယာဉ်မှူးနှစ်ဦးနှင့် အမေရိကန်အာကာသခရီးသည် တစ်ဦးတို့ကို တင်ဆောင်လာသည့် ဆိုယုဇ်အာကာသယာဉ်သည် ယခုအခါ ကမ္ဘာမြေပြင်သို့ ချောမောစွာပြန်လည်ဆင်းသက်နိုင်ခဲ့ပြီ ဖြစ်သည်။



ရုရှား ဆိုယုဇ် အာကာသယာဉ်သည် ကာ ဇက် စ တန် တွင် အောက်တိုဘာ ၂၄ရက် ဂရင်းနစ်စံတော် ချိန် နံနက် ၃နာရီ၃၆မိနစ် တွင် ဘေးမသီ ရန်မခ ဆင်းသက်ပြီး လိုက်ပါလာသည့် ရုရှား အာကာသယာဉ်မှူးများ ဖြစ်ကြသည့် ဆာဂျီ ဗိုးကော့ဗ်နှင့် အိုက်စ် ကိုနိုနင်ကို၊ အမေရိကန် အာကာသ ခရီးသည် ရစ်ချတ် ဂါးရီးယော့တို့ သုံးဦးစလုံး ကျန်းမာလျက်ရှိကြသည်ဆို၏။

(အင်တာနက်)

25-10 (06).pmd 1 10/25/2008, 2:42 AM

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
နန်နင်းမြို့ ကောင်စစ်ဝန်ချုပ်ရုံးများလျာထားမြေနေရာနှင့် ကုန်သွယ်ရေးကိုယ်စားလှယ်ရုံး တည်ဆောက်မည့်နေရာများကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးဦးသိန်းလွင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပါတီအမြဲတမ်းကော်မတီဝင် မစ္စတာရှန်းပေဟိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ၂၂ရက် မွန်းလွဲပိုင်းတွင် နန်နင်းမြို့ရှိ ကောင်စစ်ဝန်ချုပ်ရုံးများ လျာထားမြေနေရာ ယာယီရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာချန်းရွှေမင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ဒုတိယအုပ်ချုပ်ရေးမှူးက အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကောင်စစ်ဝန်ချုပ်ရုံးများ တည်ဆောက်နေမှုနှင့် မြေနေရာချထားပေးမှု၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၏ မြေနေရာ အကျယ်အဝန်း၊ ဆောက်လုပ်မည့်ပုံစံဒီဇိုင်းတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းပြီး နိုင်ငံအလိုက်ဆောက်လုပ်ပေးမည့် ကောင်စစ်ဝန်ချုပ်ရုံး အဆောက်အအုံ ဒီဇိုင်းကားချပ်ကို ကြည့်ရှုသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် China - ASEAN International Commercial Zone သို့ရောက်ရှိကြပြီး မြန်မာကုန်သွယ်ရေးကိုယ်စားလှယ်ရုံးအဆောက်အအုံ တည်ဆောက်မည့် မြေနေရာနှင့် ဆောက်လုပ်မည့် အဆောက်အအုံ ဒီဇိုင်းပုံစံကို ကြည့်ရှုစစ်ဆေးသည်။

ကြိုဆို

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နန်နင်းမြို့ Guangxi Modern Agriculture Science & Technology Demostration Center ရှိ ပါကွေ့စိုက်ပျိုးရေးဥယျာဉ် (Bagui Garden)သို့ ရောက်ရှိကြရာ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Zhang Ming Pei နှင့် အထွေထွေမန်နေဂျာ Mr. Chen Zhang Qiu တို့က ကြိုဆိုကြသည်။

စိုက်ပျိုးရေးဥယျာဉ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပါကွေ့စိုက်ပျိုးရေးဥယျာဉ်အတွင်းရှိ Ornamental Green House ၌ ဓီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးအသုံးပြုခြင်း၊ သဘာဝမြေဩဇာကိုအသုံးပြုစိုက်ပျိုးထားသည့် သစ်သီးဝလံနှင့်ပန်းမန်များကိုလည်းကောင်း၊ မြေမဲ့စိုက်ပျိုးထားသည့် ဆေးဖက်ဝင် အပင်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ပါကွေ့စိုက်ပျိုးရေးဥယျာဉ်မှ ထွက်ရှိသည့် သစ်သီးဝလံနှင့် မှိုများကိုလည်းကောင်း၊ ထွက်ရှိသည့် ဟင်းသီးဟင်းရွက်များ တင်ပို့ရောင်းချရာတွင် တာရှည်ခံနိုင်ရေးအတွက် သိုလှောင်ထားရှိမှု စနစ်တို့ကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ ပါကွေ့စိုက်ပျိုးရေးဥယျာဉ်အတွင်းရှိ Ornamental Green House ၌ သဘာဝမြေဩဇာကိုအသုံးပြု စိုက်ပျိုးထားသည့် သစ်သီးဝလံနှင့် ပန်းမန်များကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ ပါကွေ့စိုက်ပျိုးရေးဥယျာဉ်အတွင်း ပန်းအလှပင်ကို အမှတ်တရစိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုလေ့လာ

ထို့နောက် Vegetable Nursery Planting Area ရှိ ပျိုးပင်များပျိုးထောင်ထားရှိမှု၊ ပျိုးဗန်းဖြင့် မျိုးစေ့တစ်စေ့ချင်းအား စက်ကိရိယာဖြင့် ပျိုးထောင်စိုက်ပျိုးထားပြီး ခေတ်မီနည်းဖြင့် ပျိုးဗန်းများအား ရေဖျန်းမှုစနစ်၊ အပင်တစ်ပင်ချင်း ပျိုးထောင်သည့်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးထားရှိမှု၊ ပျိုးဗန်းအတွင်း သဘာဝမြေဩဇာနှင့် မျိုးစေ့တစ်စေ့ချင်း ထည့်သွင်းသည့်စက်တို့ကို ကြည့်ရှုလေ့လာကြသည်။

စိုက်ပျိုးထား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဥယျာဉ်အတွင်း လာရောက်လေ့လာသည့် အထိမ်းအမှတ်အဖြစ် ပန်းအလှပင်ကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး ပါကွေ့ဥယျာဉ်မှ တာဝန်ရှိသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

လက်ဆောင်ပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ် Mr. Zhang Ming Pei တို့သည် လက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

(သတင်းစဉ်)

ဖွံ့ဖြိုးဝေစည်-လေးဝတီ ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၄

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ''ဖွံ့ဖြိုးဝေစည်-လေးဝတီ''ရောင်စုံဓာတ်ပုံပြိုင်ပွဲအား ၂၀၀၈ခုနှစ် နိုဝင်ဘာ ၁၂ရက် (တန်ဆောင်တိုင်ပွဲတော်)တွင် စစ်တွေမြို့၌ ကျင်းပမည်ဖြစ်သည်။

စုံစမ်းမေးမြန်းနိုင်

ပြိုင်ပွဲဝင်လိုသူများသည် ၁၀ လက်မ×၁၂လက်မအရွယ် ရောင်စုံဓာတ်ပုံများအား ၂၀၀၈ခုနှစ် နိုဝင်ဘာလ ၅ရက် နောက်ဆုံးထား၍ ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စစ်တွေမြို့သို့ ပေးပို့သွားကြရန်နှင့် အသေးစိတ်သိလိုပါက ဖုန်း ၀၄၃-၂၁၈၂၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

ယင်းနောက် အခြေခံပညာမူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုရရှိသော အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်တပ်ကုန်းမှ စတုတ္ထတန်းကျောင်းသူ မဖူးပြည့်စုံမောင်၊ ဒုတိယဆုရရှိသော အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်တပ်ကုန်းမှ စတုတ္ထတန်းကျောင်းသူ မသီရိ၊ တတိယဆုရရှိသော အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်ပျဉ်းမနားမှ စတုတ္ထတန်းကျောင်းသူ မအေမီမိုးနှင့် အထူးဆုရရှိသော အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်တပ်ကုန်းမှ မစုစန္ဒီကျော်တို့အား ကုလသမဂ္ဂ အဖွဲ့အစည်းများဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စတာဘီရှိုးပါရာဂျူလီက ဆုများကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအမှူးပြုသော သံတမန်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(သတင်းစဉ်)

မှိုနှင့် ဟင်းသီးဟင်းရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံနန်နင်းမြို့ ပါကွေ့စိုက်ပျိုးရေးဥယျာဉ်မှ ထွက်ရှိသည့် မှိုများနှင့် ဟင်းသီးဟင်းရွက်များကို ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နဝမနေ့ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

အနုသုခုမပညာကိုချစ်သူ ပြည်သူများ စည်ကားစွာကြည့်ရှုအားပေးကြ

နေပြည်တော် အောက်တိုဘာ ၂၄

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ နဝမနေ့ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့်မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတို့၌ ဆက်လက်ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါ ပြိုင်ပွဲများသို့ ပညာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာချမ်းငြိမ်း၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်၊သာသနာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကို၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဗဟိုအကဲဖြတ် ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ပြိုင်ပွဲဝင်များလေ့လာရေးအဖွဲ့ဝင် တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို ချစ်ခင်တန်ဖိုးထားကြသောပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲကို နံနက်ဇနာရီတွင်စိုက်ပျိုးရေးတက္ကသိုလ်စုဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်းမှဒေါ်သပြေ၊ရခိုင်ပြည်နယ်မှဒေါ်အေးနှင်းခိုင်၊ စစ်ကိုင်းတိုင်းမှ ဒေါ်ကြူကြူခိုင်၊ ရန်ကုန်တိုင်းမှဒေါ်သန်းသန်းငြိမ်းနှင့် ဒေါ်မြမြ၊ ဧရာဝတီတိုင်းမှဒေါ်သူဇာအောင်၊ ပဲခူးတိုင်းမှဒေါ်ဥမ္မာတို့က **"နရန်းမြောင်"** (ရှေးသံဆန်း) သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

အဆိုပြိုင်ပွဲ

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ(၁၀)နှစ်အထိ အမျိုးသား မဟာဂီတ အဆိုပြိုင်ပွဲကို ကျင်းပရာ ဧရာဝတီတိုင်းမှ မောင်ပိုမိုထက်အောင်၊ မွန်ပြည်နယ်မှမောင်မင်းခန့်၊ ကချင်ပြည်နယ်မှ မောင်ဖော်ယူးဆိုင်းလတ်နော်၊ ရှမ်းပြည်နယ်မှ မောင်ဖြိုးအာကာ၊ မန္တလေးတိုင်းမှ မောင်ဟိန်းထက်ဦးနှင့်မောင်ရဲသူရလွင်၊ ရန်ကုန်တိုင်းမှ မောင်ဇော်ထူးအောင်၊ ရခိုင်ပြည်နယ်မှ မောင်မျိုးမြတ်ဟိန်း၊ ကရင်ပြည်နယ်မှ မောင်စောထက်အောင်အောင်၊စစ်ကိုင်းတိုင်းမှမောင်အာကာဟိန်း၊ ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်နှင့် ပဲခူးတိုင်းမှ မောင်နိုင်နိုင်စိုးတို့က **"ရန်တကာအောင်"** (ဘွဲ့) သီချင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ကွက်စိပ်ပြိုင်ပွဲ

ရာဟုလာ အမွေတောင်းခန်း ကွက်စိပ်ပြိုင်ပွဲကို နံနက်ဇနာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ မန္တလေးတိုင်းမှ ဦးမောင်သစ်က မန္တလေးပစ်တိုင်းထောင် ပုံပိုးဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ ရန်ကုန်တိုင်းမှ ဦးနိုးတူးက အေးမင်းအောင် ပုံပိုးဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းမှ ဦးနန်းမြင့်ဆွေက စိန်ဝမ်းတူး ပုံပိုးဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ မကွေးတိုင်းမှ ဒေါ်လာမင်းလွင်က ရေနံမြေစိန်ငွေးဝင်း ပုံပိုးဆိုင်းအဖွဲ့နှင့် တွဲဖက်၍ လည်းကောင်း ဟောပြောပြိုင်ပွဲဝင်ကြသည်။

သီချင်းအရေးပြိုင်ပွဲ

သီချင်းအရေးပြိုင်ပွဲကို နံနက်ပိုင်းတွင် ရွာတော် အမှတ်(၇) တည်းခိုရေးစခန်း၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ၌ **ထူးချွန်သူတို့ ပျော်ရာမြေ** ခေါင်းစဉ်ဖြင့် ရခိုင်ပြည်နယ်မှ မောင်ကျော်သီဟ၊ ကရင်ပြည်နယ်မှ မောင်ညီညီဟိန်း၊ ရန်ကုန်တိုင်းမှ မောင်ချစ်ကိုဝင်း၊ မွန်ပြည်နယ်မှ မနန်းသီဂီဝင်း၊ မန္တလေးတိုင်းမှ မောင်အောင်မျိုးဦး၊ ချင်းပြည်နယ်မှ မောင်လင်းဟိန်း၊ စစ်ကိုင်းတိုင်းမှ မောင်ထန်လျန်ကပ်၊ မန္တလေးတိုင်းမှ မောင်နေမင်းထွန်း၊ ရန်ကုန်တိုင်းမှ မောင်ပြည့်ဖြိုးလင်း၊ ကယားပြည်နယ်မှ မချောစုနှင့် ဧရာဝတီတိုင်းမှ မောင်မျိုးမင်းထွန်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

မယ်ဒလင်အတီးပြိုင်ပွဲ

အခြေခံပညာအဆင့်အသက်(၁၀)နှစ်မှ(၁၅)နှစ်အထိ အမျိုးသား မယ်ဒလင်အတီးပြိုင်ပွဲကို နံနက်ဇနာရီတွင် သစ်တောသုတေသနစုဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းမှ မောင်ဇင်ကိုကို၊ ရန်ကုန်တိုင်းမှ မောင်စည်သူထွန်း၊ ရခိုင်ပြည်နယ်မှ မောင်ဝေဖြိုးပိုင်၊ ဧရာဝတီတိုင်းမှ မောင်အောင်အောင်ဟိန်း၊ မန္တလေးတိုင်းမှ မောင်ထိန်လင်းအောင်၊ မကွေးတိုင်းမှ မောင်မြမိုး၊ မွန်ပြည်နယ်မှ မောင်ဝဏ္ဏနှင့် ရန်ကုန်တိုင်းမှ မောင်ဖိုးသကြ်န်တို့က **"ဝေဘာဂီရီ"** (ကြိုး) သီချင်းဖြင့်ပြိုင်ပွဲ ဝင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် (၅)နှစ်မှ(၁၀)နှစ်အထိ အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲကိုကျင်းပရာ ဧရာဝတီတိုင်းမှ မခိုင်သင်းကြည်၊ ရန်ကုန်တိုင်းမှ မသက်ထားဝေ၊ ပဲခူးတိုင်းမှ မအေးမြတ်မွန်နှင့်ရန်ကုန်တိုင်းမှမယွန်းရွှေရည်ထူးတို့က **"စိမ်းလဲ့လဲ့"** (ကြိုး) သီချင်းဖြင့်ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ကာလပေါ်

မွန်းလွဲ ၁နာရီတွင် အခြေခံပညာအဆင့်အသက်(၁၀)နှစ်မှ(၁၅)နှစ်အထိ အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲကို ကျင်းပရာ မကွေးတိုင်းမှမကြည်ကြည်မာ၊ ရှမ်းပြည်နယ်မှမနန်းခင်မေဖူးဟန်၊ ရန်ကုန်တိုင်းမှမအေးမြင့်မြတ်၊ပဲခူးတိုင်းမှမလဲ့ရည်ဝင်း၊ ရန်ကုန်တိုင်းမှ မဆုစန္ဒာလှိုင်နှင့်ဧရာဝတီတိုင်းမှမစုစုထက်အောင်တို့က **"ပဉ္စသိခ်"** (ကာလပေါ်) သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ(၁၀)နှစ်အထိအမျိုးသား မယ်ဒလင်အတီးပြိုင်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်၊ မန္တလေးတိုင်းမှ မောင်ရန်နိုင်ထွန်း၊ ပဲခူးတိုင်းမှ မောင်လှဘုန်းထက်၊ ရန်ကုန်တိုင်းမှ မောင်စောပိုင်နှင့် ဧရာဝတီတိုင်းမှ မောင်ပိုမိုထက်အောင်တို့က **"စိမ်းလဲ့လဲ့"** (ကြိုး) သီချင်းဖြင့် ယှဉ်ပြိုင်ကြသည်။

စောင်းအတီးပြိုင်ပွဲ

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားစောင်းအတီးပြိုင်ပွဲကို နံနက်ဇနာရီတွင်စိုက်ပျိုးရေးတက္ကသိုလ်စာသင်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းမှ ဦးစန်းကိုလေး၊ ရခိုင်ပြည်နယ်မှ မောင်ဝေဖြိုးနိုင်နှင့် မွန်ပြည်နယ်မှ ဦးချမ်းသာတို့က **"ပုံပမာ"** (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး စောင်းအတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ဒေါ်ဇာဇာအေး၊ ထက်လင်း၊ ရန်ကုန်တိုင်းမှ မမေအေးအေးချမ်း(ခ)ကြာလေးစိန်၊ မန္တလေးတိုင်းမှ မကြည်ဖြူစိမ့်နှင့် မစုရတနာ၊ ရန်ကုန်တိုင်းမှ မအိအိခိုင်နှင့် စစ်ကိုင်းတိုင်းမှ မမြတ်ကေသွယ်ကျော့တို့က **"ဝေဘာဂီရီ"** (ကြိုး)သီချင်းဖြင့်လည်းကောင်း၊အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ(၂၀)အထိအမျိုးသားစောင်းအတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ မောင်အောင်နိုင်စိုး၊ ရန်ကုန်တိုင်းမှ မောင်မိုးမြင့်ဆက်နှင့် ပဲခူးတိုင်းမှ မောင်ကံဦးအောင်တို့က **"ရွှတိုင်းသာစွ"** (ဘွဲ့)သီချင်းဖြင့်လည်းကောင်း ဝင်ရောက် ယှဉ်ပြိုင်ကြသည်။

အဆင့်မြင့် ပညာအဆင့် အမျိုးသား အမျိုးသမီး သီချင်းအရေးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မနန်းသီဂီဝင်း ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ(၁၀)နှစ်အထိ အမျိုးသမီး စောင်းအတီးပြိုင်ပွဲကို ကျင်းပရာ ကချင်ပြည်နယ်မှ မမြတ်နိုးလှိုင်၊ ဧရာဝတီတိုင်းမှ မခိုင်ထက်ဧရာဝတီတိုင်းမှ ဒေါ်တင်နီလာဝင်း၊ မန္တလေးတိုင်းမှ ဒေါ်နန္ဒာအေးနှင့် တနင်္သာရီတိုင်းမှဒေါ်လွင်မာသိန်းတို့က **"အမ္ဗုန်မာန်ဟုန်"** (ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်းပါဝင်ပြိုင်ပွဲဝင်ကြသည်။

ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးအခြေခံပညာအဆင့်အသက်(၁၀)နှစ်မှ(၁၅)နှစ်အထိ အမျိုးသမီးနှင့် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသမီး ဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲများကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ဒေါ်ကြည်ကြည်စမ်းအဖွဲ့၊ ရန်ကုန်တိုင်းမှ ပေါက်ကျော်မအဖွဲ့၊ မန္တလေးတိုင်းမှ မရွှေစင်ကလျာထက်ထက်ကျော်အဖွဲ့နှင့် ရန်ကုန်တိုင်းမှ မခိုင်ဇာဝင်းအဖွဲ့တို့သည် လည်းကောင်း၊အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ(၁၅)နှစ်အထိ အမျိုးသမီးဆိုင်းအဖွဲ့ လိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ ရွှေမြန်မာအဖွဲ့၊ မန္တလေးတိုင်းမှ မအိသဥ္ဇာအောင်အဖွဲ့၊ရန်ကုန်တိုင်းမှ မချစ်စုဝေစတင်းအဖွဲ့နှင့် မန္တလေးတိုင်းမှ မဖြူဖွေးသန့် အဖွဲ့တို့သည် လည်းကောင်း၊ အခြေခံပညာအဆင့်အသက်(၅)နှစ်မှ(၁၀)နှစ်အထိအမျိုးသမီး ဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မယွန်းဝတီအောင်ကျော်စိုးအဖွဲ့၊ရန်ကုန်တိုင်းမှ မသက်ထားဝေအဖွဲ့နှင့် မပပပြည့်ဖြိုးအဖွဲ့တို့သည် လည်းကောင်း တီးခတ် ပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့်အသက်(၁၀)နှစ်မှ(၁၅)နှစ်အထိ အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲတွင် ပဲခူးတိုင်းမှ မလဲ့ရည်ဝင်း ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ဒုံမင်းတီးပြိုင်ပွဲ

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး ဒုံမင်းတီးပြိုင်ပွဲကို နံနက်ဇနာရီတွင် စိုက်ပျိုးရေး သုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ **"ဆဒ္ဒန်အိုင်သာ"** (သီချင်းခံ)ဖြင့် ရန်ကုန်တိုင်းမှ မရည်ဖုန်းဆွေ၊ဧရာဝတီတိုင်းမှမလွင်လွင်ချိုထွန်းနှင့် မန္တလေးတိုင်းမှ ဒေါ်စိန်စိန်ရင်တို့က ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် အဆင့်မြင့်ပညာအဆင့် အမျိုးသား ဒုံမင်းတီးပြိုင်ပွဲကို ကျင်းပရာ **"မိုင်းရိပ်ကယ်တည့်"** (ကြိုး) သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်လှိုင်ဝမ်းတူးနှင့်မောင်ဇော်မျိုးထွန်း၊ပဲခူးတိုင်းမှမောင်သူရ၊ ဧရာဝတီတိုင်းမှမောင်ဖိုးဝေနှင့်ရခိုင်ပြည်နယ်မှမောင်ကျော်သီဟတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ဒုံမင်းတီးပြိုင်ပွဲကို ကျင်းပရာ **"ဖုတ်သွင်းရထား"** (ကာလပေါ်) သီချင်းဖြင့် မန္တလေးတိုင်းမှ မမြင့်မြင့်သန်းနှင့် မဇင်မာဝေ၊ ပဲခူးတိုင်းမှ မစိမ်းမိုးနှင့် ရန်ကုန်တိုင်းမှ မစုပြည့်ဖြိုးမွန်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသား ဒုံမင်းတီးပြိုင်ပွဲကို ကျင်းပရာ **"မင်္ဂလာသီရိ"** (ဘွဲ့) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်စည်သူထက်အောင်၊ ပဲခူးတိုင်းမှမောင်သန့်ဇော်အောင်၊ စစ်ကိုင်းတိုင်းမှ မောင်နေဗလကျော်၊ ရန်ကုန်တိုင်းမှ မောင်ဖိုးသကြ်န်နှင့် မကွေးတိုင်းမှ မောင်မြမိုးတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ဒုံမင်းတီးပြိုင်ပွဲကိုကျင်းပရာ **"အောင်မင်္ဂလာ"** (ယိုးဒယား) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မထက်လေးရွှေဘို၊မကွေးတိုင်းမှဒေါ်နီလာနှင့် ပဲခူးတိုင်းမှ မခိုင်သန္တာစိုးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

(သတင်းစဉ်)

ရွှေမြန်မာတို့ အနုပညာ

* တောအထပ်ထပ် တောင်အထပ်ထပ်မှ
နယ်ရပ်ပေါင်းစုံ စုစည်းဆုံတွေ့
ပျော်မွေ့ချစ်ကြည် လှစ်ကျူးသီသည့်
စုံညီယဉ်ကျေး ပြိုင်ပွဲသဘင်။

* ကမ်းယံပျူသက် စဉ်ဆက်စီးဆင်း
တေးချင်းကဗျာ ညင်သာချိုးလက်
ကကွက်ငြိမ့်ညောင်း နဲ၊ စောင်း၊ ဆိုင်းဝိုင်း
သမိုင်းခိုင်မာ ရိုးရာခလေ့
စဉ်မမေ့အောင် ဖော်ဆောင်ရှေးရှု
အနုပညာ အစဉ်လာ။

* ရှမ်း၊ ချင်း၊ ကချင် ကရင်၊ ကယား
မွန်၊ ဗမာ၊ ရခိုင် တွဲကိုင်စည်းဝါး
ညီညွတ်အားဖြင့်
စွမ်းအားပေါင်းစု ယဉ်ကျေးမှုသည်
အနုပညာ ရွှေမြန်မာ၌
ရောင်ဖြာလွှင့်၍ ဝင့်ပါစေ။
ဒြပ်ထုခိုင်မာ ဤကမ္ဘာတွင်
ရှည်ကြာတင့်၍ မြင့်ပါစေ။ ။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု
အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအား ဂုဏ်ပြုလျက်-

လင်းအောင် (ဇီးကုန်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၁၀-၂၀၀၈ (စနေနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**နေရာတိုင်းမှာ တရားရှိတာ သိအောင်ကြည့်** တရားတော် (အပိုင်း-၂) (ဆရာတော် အရှင်ပုညာနန္ဒ)
၈:၀၀-၂:၀၀	တက်ညီလက်ညီ ရုပ်တည်နိုင်ပြီ တိုင်းဧရာဝတီ
၈:၁၅-၂:၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၄၀-၂:၄၀	ဂေါက်သီးချစ်သူများအတွက် သတင်းကောင်း
၈:၅၀-၂:၅၀	ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (မျှော်စင်ကျွန်း Show)
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	တေးဂီတအစီအစဉ်
၉:၃၀-၃:၃၀	အစင်စံပြကျေးရွာ ဗီဝိတဒါနခရီးစဉ်မှ "ကျိုက်ဒေတမော့ဗရတ်"သို့
၁၀:၀၀-၄:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၅-၄:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀-၄:၁၀	ကလေးတို့အတွက် လက်ဆောင် (စက္ကူမီးပုံးလေး ခေါက်ကြရအောင်)
၁၀:၂၅-၄:၂၅	မိုးလေဝသခန့်မှန်းချက်
၁၀:၃၅-၄:၃၅	တစ်ပတ်အတွင်း အားကစားသတင်း
၁၀:၅၀-၄:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀-၅:၀၀	သဘာဝအစားအစာများ "ရှားစောင်းလက်ပပ်ယိုနှင့် ဖျော်ရည်"
၁၁:၃၀-၅:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၅-၅:၃၅	MRTV-4 စာအုပ်စင်ကဏ္ဍ (The Latest Guide နှင့် တွေ့ဆုံခြင်း)
၁၁:၅၅-၅:၅၅	ပုဂံအိမ်ထဲက ထည်ဝါမှုပြယုဂ်
၁၂:၁၅-၆:၁၅	Yangon Panorama (၂၀၀၈ခုနှစ် ပထမအကြိမ် ဂျပန်သီချင်းဆိုပြိုင်ပွဲ)
၁၂:၃၅-၆:၃၅	ရေပျော်ငှက်၏ တောင်ပံခတ်သံ
၁၂:၅၅-၆:၅၅	တေးဂီတအစီအစဉ်
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅:၂၅	Everton - Man Utd	ESPN (Live)
၆:၁၀	Sunderland-Newcastle	STAR SPORTS (Live)
၈:၂၅	Tottenham-Bolton	ESPN (Live)
	Portsmouth-Fulham	STAR SPORTS (Live)
၁၀:၅၅	Blackburn-Middlesbrough	STAR SPORTS (Live)
၁၁:၀၀	Wigan-Aston Villa	ESPN (SDD)

Series A ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၀၀	Juventus-Torino	5-Cartoon (Live)

မြိုင်မြိုင်ဆိုင်ဆိုင်ဆင်ကာနွှဲ ဆို၊ က၊ ရေး၊ တီး ယှဉ်ပြိုင်ပွဲ

သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး (မြန်မာ့အလင်း)

နေပြည်တော် အောက်တိုဘာ ၂၄ (ဖက်စ်)

စီဝေသောအသံ၊ အပင့်အရှိုက်၊ အငိုအသော၊ လိုက်လိုက်မောအောင် တီးလုံးအဝင်အထွက် မှန်ကန်စွာ ဇာတ်လမ်းစုံလင် ခင်းကျင်းသွားနိုင်သည့် ကွက်စိပ်ပြိုင်ပွဲဝင်တစ်ဦး။ ဗုဒ္ဓဝင်ဇာတ်တော်လာ ရာဟုလာအမွေတောင်းခန်းကို ဆိုင်းတီးလုံးအချီအချနှင့် အံဝင်ခွင်ကျဖြစ်အောင် ပရိသတ်ရင်ကို ဆွဲကိုင်လှုပ်ယမ်းသွားနိုင်သူ ရှမ်းပြည်နယ်မှ ကွက်စိပ်ပြိုင်ပွဲဝင် ဦးစိုင်းမျိုးအောင်(ခ) ကိုကိုလွင်။ ပရိသတ်အားပေးလက်ခုပ်သံကား မစဲတော့…။

အမှားအယွင်း မရှိ

"အချိန်ယူပြီး လေ့ကျင့်ခဲ့တာမို့ အထစ်အငေါ့ အမှား အယွင်း မရှိခဲ့ပါဘူး"

ဦးစိုင်းမျိုးအောင် (ခ) ကိုကိုလွင် (ရှမ်းပြည်နယ်)

မြန်မာ့ကွက်စိပ်

ကွက်စိပ်ပြိုင်ပွဲကျင်းပရာ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)အတွင်း ပရိသတ်များကား အပြည့်အလျှံ။ ကွက်စိပ်ကား နားဆင်ရမှု မလွယ်ချေ။ တဖြည်းဖြည်းနှင့် ယနေ့ခေတ်၌ နေရာပေးမှုအားနည်းလာခဲ့သည်ဖြစ်ရာ နိုင်ငံတော်က မြန်မာ့ကွက်စိပ် အနုပညာဂုဏ်ဒြပ်ကို အသိအမှတ်ပြုကာ ထိုက်တန်သော နေရာပေးမှုနှင့် ရိုးရာအနုပညာအစဉ်အလာ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးသည့်အနေဖြင့် အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကြီး၌ ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲဝင်အပြီး စင်မြင့်ပေါ်မှဆင်းလာသူ ဦးစိုင်းမျိုးအောင်(ခ) ကိုကိုလွင်အား ပြိုင်ပွဲဝင်ခဲ့မှု အခြေအနေကို မေးမြန်းရာ "အချိန်ယူပြီး လေ့ကျင့်ခဲ့တာမို့ အထစ်အငေါ့ အမှားအယွင်းမရှိခဲ့ပါဘူး။ အရင်ကလည်း ကျွန်တော့်အနေနဲ့ ကွက်စိပ်ပြောတာ၊ ဘိသိက်မင်္ဂလာပြုပွဲတွေမှာ ပြောဆိုခဲ့ဖူးပါတယ်။ကျွန်တော်နဲ့ အတူ ပြိုင်ပွဲဝင်ခဲ့တဲ့သူတွေအားလုံးကလည်း တော်ကြတာမို့ အကောင်းဆုံးလူကတော့ ရွှေတံဆိပ်ရမှာပေါ့။ နောက်နှစ်တွေလည်း ပြိုင်ပွဲဝင်သွားဦးမှာပါ" ဟု ဖြေကြားခဲ့သည်။

ကြိုးစားမယ်

"ဒီပြိုင်ပွဲမှာ လာ ပြိုင် ရ တာ ပျော်စရာ ကောင်းလို့ နောက်နှစ်တွေလည်း လာပြိုင်နိုင်အောင် ကြိုးစား သွားမယ်"

မမေဇင်ဦး (မွန်ပြည်နယ်)

ပိုင်နိုင်စွာပြောဆို

ပရိသတ်များကား နောက်ထပ် ကွက်စိပ်ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်မှုကို ဆက်လက်အားပေးနေကြသည်။ အဆို၊ အငို၊ အလွမ်း၊ အသောများကို အကြိမ်ကြိမ် လေ့ကျင့်ထားသူများပီပီ နားဆင်သူများ ရသမြောက်အောင် ဖွဲ့နွဲ့ပြောဆို ပြိုင်ပွဲဝင်ကြသည်။ ဇာတ်တစ်ခုလုံးကို တစ်ဦးတည်း ပိုင်နိုင်စွာ ပြောဆိုနိုင်မှုမှာမလွယ်။ ခက်ခဲသည့် အနုပညာတစ်ရပ်အဖြစ် သတိပြုမိသည်။

ကွက်စိပ်ပြိုင်ပွဲဝင်နေမှုကို အတန်ကြာ အားပေးကြည့်ရှုပြီးနောက် တယောပြိုင်ပွဲများကျင်းပရာ သစ်တောသုတေသနဌာန (စုဝေးခန်းမ)သို့ ဆက်လက်ထွက်ခွာခဲ့သည်။ ပြိုင်ပွဲခန်းမအတွင်း လှမ်းအဝင်မှာပင် သာယာနွဲ့ပျောင်းသော တယောထိုးသံကို ကြားလိုက်ရသည်။ စင်မြင့်ပေါ်လှမ်းကြည့်လိုက်ရာ ကယားပြည်နယ်မှ ပြိုင်ပွဲဝင် မိန်းကလေးတစ်ဦး စိတ်ရောကိုယ်ပါ နှစ်မြှုပ်ပြီး တယောကို ပခုံးတွင်တင်ကာ ညင်သာစွာ တယောထိုးနေသည်ကို တွေ့ရသည်။ စမ်းရေစီးသံ၊ သစ်ရွက်လှုပ်သံသို့နှယ်၊ အသံအလေးအဖော့၊ အသော့အပြောင်း၊ အဆွဲအငင်များကား နားဆင်ခံစားသူတို့၏ နားစည်ကို ဖြည်းဖြည်းချင်း ညင်သာစွာ ရိုက်ခတ်လျက်ရှိသည်။ ငြိမ့်ညောင်းသော တယောသံဝယ် အတန်ကြာနစ်မျောသွားရာမှ လက်ခုပ်သံ တဖြောင်းဖြောင်း အားပေးတီးသံများကြားမှ ခံစားမှုအာရုံရပ်တန့်ကာ ဂုဏ်ပြုချီးမြှောက်သည့်အနေဖြင့် လက်ခုပ်တီးအားပေးလိုက်ရသည်။ တော်လိုက်သည့် မိန်းကလေး။

နစ်မျော

စင်မြင့်ပေါ်မှ ဆင်းလာသည့် ပြိုင်ပွဲဝင်မိန်းကလေးကို တွေ့ဆုံမေးမြန်းရာ "ကယားပြည်နယ်က ပြိုင်ပွဲဝင် မနော်ဒိုနေထူး ဖြစ်ပါတယ်။ တယောထိုးတာကို ဝါသနာပါလို့ တစ်နှစ်လုံးအချိန်ရသမျှ အိမ်မှာလေ့ကျင့်နေခဲ့တာပါ။ ဒါကြောင့် အခုပြိုင်ပွဲမှာ စိတ်တိုင်းကျ ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ သမီးက တယောမှ မဟုတ်ပါဘူး၊ တခြားအနုပညာတူရိယာတွေကိုလည်း တီးခတ်တာ ဝါသနာပါတယ်။ ဆုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နောက်နှစ်တွေလည်း လာရောက်ယှဉ်ပြိုင်သွားမှာပါ။ ဒီပြိုင်ပွဲကြီး လာရောက်ယှဉ်ပြိုင်ရတဲ့အတွက် တခြားပြည်နယ်နှင့်တိုင်း အသီးသီးက ပြိုင်ဘက်တွေနဲ့ ရင်းနှီးခွင့်ရတဲ့အတွက် ပျော်စရာလဲကောင်းပါတယ်" ဟု ဖြေကြားသွားသည်။ တယောပြိုင်ပွဲဝင်တို့၏ လက်စွမ်းမှာ အံ့မခန်း၊ ပြိုင်ပွဲခန်းမအတွင်း ပရိသတ်တို့၏ စိတ်အာရုံကို လွှမ်းခြုံဖမ်းစားနိုင်စွမ်းရှိသည်။ သာယာငြိမ့်ညောင်းသော တယောသံဝယ် ပရိသတ်တို့ နစ်မျောလျက်။

ထို့နောက် ဒုံမင်းပြိုင်ပွဲများကျင်းပရာ စိုက်ပျိုးရေးသုတေသန (စုဝေးခန်းမ)သို့ ဆက်လက်ထွက်ခွာခဲ့သည်။ လမ်းတစ်လျှောက် ပြိုင်ပွဲဝင်ခန်းမ အပြင်ဘက်၌ သွားလာလှုပ်ရှားနေကြသော ပြည်နယ်နှင့်တိုင်း အသီးသီးမှ

"ပြိုင်ပွဲမှာ စိတ်တိုင်းကျ ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ တခြားအနုပညာ တူရိယာတွေကိုလည်း တီးခတ်တာ ဝါသနာပါတယ်"

မနော်ဒိုနေထူး (ကယားပြည်နယ်)

ပြိုင်ပွဲဝင်များ၊ လေ့လာရေးအဖွဲ့ဝင်များနှင့် ပရိသတ်များကိုတွေ့ရသည်။ ဒုံမင်းပြိုင်ပွဲကျင်းပရာ ခန်းမအပြင်ဘက်၌ ပြိုင်ပွဲဝင်ရန် အလှည့်မကျသေးသူများ လေ့ကျင့်နေကြသည်ကို တွေ့ရသည်။ သင်ပြပေးသူဆရာများ၊ အသင်းအုပ်ချုပ်ကြီးကြပ်သူများကလည်း ဝိုင်းဝန်းကြပ်မတ်ပေးနေကြသည်။

ရွှေတံဆိပ်ရခဲ့

ပြိုင်ပွဲ ခန်းမအတွင်းအရောက်၌ ဒုံမင်းတီးပြိုင်ပွဲဝင်ရန် ယှဉ်ပြိုင်မည့်သူတစ်ဦး စင်မြင့်ပေါ်တက်လာသည်ကို တွေ့ရသည်။ ရန်ကုန်တိုင်းမှ ပြိုင်ပွဲဝင် မစုမြတ်နိုး တီးလုံးစမ်းသပ်ပြီးသည်နှင့် လက်စွမ်းပြတီးခတ်ရာ တီးလုံးသံစဉ်များ ပီပြင်နာပျော်ဖွယ် ထွက်ပေါ်လာရာ ပရိသတ်များ အားပေးသံဆူညံစွာ ပေါ်ထွက်လာသည်။ ထို့နောက် ပြိုင်ပွဲဝင် ဒုံမင်းတီးခတ်မှုစတင်ရာ သံစဉ်တေးသွားကို စည်းဝါးညီညွတ်စွာဖြင့် သာယာငြိမ့်ညောင်းစွာ တီးခတ်သွားသည်ကို ပရိသတ်နှင့်အတူ မှင်တက်မိစွာ နားဆင်ခဲ့ရသည်။ ယှဉ်ပြိုင်မှုအပြီး စင်မြင့်ပေါ်မှဆင်းလာသည်နှင့် တွေ့ဆုံမေးမြန်းရာ "သမီးအမည်က မစုမြတ်နိုး ဖြစ်ပါတယ်။ မနှစ်က အခြေခံ (၅-၁၀)နှစ် ဒုံမင်းတီးပြိုင်ပွဲမှာ ရွှေတံဆိပ်ရရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ် ပြိုင်ပွဲပြီးကတည်းက ဒုံမင်းအတီးကို အချိန်ရတာနဲ့ မပြတ်တမ်းလေ့ကျင့်ခဲ့တာပါ။ ဒီနှစ်က အခြေခံ(၁၀-၁၅)နှစ် အမျိုးသမီးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ သမီးအသက်က ၁၁ နှစ်ဖြစ်ပြီး

အားရအောင် တီးခတ်နိုင်

"ပြိုင်ပွဲ ဝင်ခဲ့တာ အားရအောင် တီးခတ်နိုင်ခဲ့တာမို့ အမြင့်ဆုံးဆုကိုတော့ မှန်းထားပါတယ်"

မစုမြတ်နိုး (ရန်ကုန်တိုင်း)

အခု ပြိုင်ပွဲဝင်ခဲ့တာ အားရအောင်တီးခတ်နိုင်ခဲ့တာမို့ အမြင့်ဆုံးဆုကိုတော့ မှန်းထားပါတယ်" ဟု ဖြေကြားသွားသည်။ ဒုံမင်းပြိုင်ပွဲဝင်များ၏ လက်စွမ်းကို ခေတ္တနားဆင်ပြီး ပြိုင်ပွဲခန်းမမှ ထွက်ခွာခဲ့သည်။

ခေတ်ဟောင်း၊ ကာလပေါ်

ထို့နောက် ခေတ်ဟောင်း၊ကာလပေါ် အဆိုပြိုင်ပွဲကျင်းပရာ စိုက်ပျိုးရေးတက္ကသိုလ်(စုဝေးခန်းမ)သို့ ရောက်ရှိခဲ့ပြန်သည်။ ပြိုင်ပွဲခန်းမအတွင်း ခေတ်ဟောင်း၊ ကာလပေါ်အဆိုပြိုင်ပွဲဝင်တစ်ဦး သီဆိုယှဉ်ပြိုင်နေသည်ကို မြင်တွေ့ရသည်။ မန္တလေးတိုင်းမှ ပြိုင်ပွဲဝင်ဒေါ်ဆွေဆွေအောင် အသံအနိမ့်အမြင့် အဆွဲအငင်ကောင်းမွန်လှသည်။ နရီစည်းဝါးအဝင်အထွက် အမှားအယွင်းမရှိအောင် ပိုင်ပိုင်နိုင်နိုင် သီဆိုယှဉ်ပြိုင်သွားနိုင်သည်။ သီချင်းစာသားကျေညက်မှု၊ သာယာနာပျော်ဖွယ်ဖြစ်အောင် သီဆိုနိုင်မှုများက အကြိမ်ကြိမ် လေ့ကျင့်ခဲ့သူတစ်ဦးဖြစ်မှန်း သိသာနေသည်။ ယခုပွဲစဉ်၌ ရခိုင်၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ ဧရာဝတီနှင့် မန္တလေးတို့မှ ပြိုင်ပွဲဝင်၁၀ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ တချို့တိုင်းများကား ပြိုင်ပွဲနှစ်စဉ် ပါဝင်ယှဉ်ပြိုင်ရာ တစ်ဦးနှင့်တစ်ဦး သီဆိုမှုများမှာ မကွာချေ။ အမှတ်ပေး အကဲဖြတ်ဒိုင်များ အကြိမ်ကြိမ် ညှိနှိုင်းအကဲဖြတ် အမှတ်ပေးကြရမည့် အခြေအနေပင်။

အပြုံးလေးဖြင့်

ပြိုင်ပွဲခန်းမ အပြင်ဘက်ထွက်လာခဲ့သည်။ သစ်ပင်ရိပ်အောက်တွင် တိုင်းရင်းသားဝတ်စုံဖြင့် သီချင်းဆိုနေသူကလေးငယ်တစ်ဦးကိုတွေ့၍ မေးမြန်းကြည့်ရာ "သမီးက မွန်ပြည်နယ်မှ ကာလပေါ်အဆိုပြိုင်ပွဲဝင်တစ်ဦး ဖြစ်ပါတယ်။ အမည်က မမေဇင်ဦးလို့ ခေါ်ပါတယ်။ ပြိုင်ပွဲကတော့ ယှဉ်ပြိုင်ပြီးသွားပါပြီ။ ဒီနှစ်က သမီးအနေနဲ့ ပထမဆုံး ယှဉ်ပြိုင်တဲ့ပွဲပါ။ ဒီပြိုင်ပွဲမှာ လာပြိုင်ရတာ ပျော်စရာကောင်းလို့ နောက်နှစ်တွေလည်း လာပြိုင်နိုင်အောင် ကြိုးစားသွားမယ်ဟု အပြုံးလေးဖြင့် ဖြေကြားသွားခဲ့သည်။

ပျံ့လွင့်နေဆဲ

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကျင်းပရာ နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေ၌ ပြည်နယ်နှင့်တိုင်း အသီးသီးမှ ပြိုင်ပွဲဝင်တို့၏ သီဆိုကခုန် တီးမှုတ်ယှဉ်ပြိုင်သံများကား ပျံ့လွင့်နေဆဲ။ ပြိုင်ပွဲများကျင်းပရာ နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေမှ တစ်နေ့တာ ပြိုင်ပွဲများအပြီး ပြန်ထွက်လာချိန်သည် ညနေ ၄ နာရီခွဲ၊ အပြန်လမ်းတစ်လျှောက် မိုးနှောင်းမိုးကား သည်းထန်စွာ ရွာသွန်းလျက်….။ ။

(မြန်မာ့အလင်း)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

အောက်တိုဘာ ၂၅ ရက် (ယနေ့)ယှဉ်ပြိုင်မည့် ပြိုင်ပွဲအစီအစဉ်များ

စဉ်	ရက်စွဲ	ပြိုင်ပွဲကျင်းပသည့်နေရာ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်
၁၀	၂၅-၁၀-၂၀၀၈ (စနေနေ့)	စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)	အဆို၊ ကာလပေါ်	ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသမီး)	၀၉၀၀
			အဆို၊ ကာလပေါ်	အခြေခံပညာ အသက်(၅နှစ်ပြည့်မှ၁၀နှစ်အတွင်း)(အမျိုးသမီး)	၁၃၀၀
			အဆို၊ ကာလပေါ်	အခြေခံပညာ အသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း)(အမျိုးသား)	
		မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	ကွက်စိပ်ပြိုင်ပွဲ	ရာဟုလာအမွေတောင်းခန်း	၀၉၀၀
			ဇာတ်သဘင်	ဘူရိဒတ်ဇာတ်တော်ကြီး(ဧရာဝတီတိုင်း)	၁၉၀၀
		သစ်တောသုတေသနဌာန (စုဝေးခန်းမ)	အတီး(တယော)	အခြေခံပညာ အသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း)(အမျိုးသား)(အမျိုးသမီး)	၀၉၀၀
			အတီး(တယော)	အဆင့်မြင့်ပညာ(အမျိုးသား)(အမျိုးသမီး)	၁၃၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)	အတီး(ပတ္တလား)	ဝါသနာရှင်(ပထမတန်း)(အမျိုးသား)	၀၉၀၀
			အတီး(ပတ္တလား)	အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသမီး)	၁၃၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အတီး(ဆိုင်းတစ်ဦးချင်း)	အခြေခံပညာ အသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း)(အမျိုးသမီး)	၀၉၀၀
			အတီး(ဆိုင်းတစ်ဦးချင်း)	အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသမီး)	
			အတီး(ဆိုင်းတစ်ဦးချင်း)	ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသမီး)	၁၃၀၀

ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေးနေ့

မေလှကျော် (ပညာ)

ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေးနေ့သည် အောက်တိုဘာ ၂၅ရက် (စနေနေ့)ဖြစ်ပါသည်။

ထိုနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများအားလုံး ပါဝင်ဆင်နွဲကြရန် ဖြစ်ပါသည်။

ကျန်းမာခြင်းအစ သန့်ရှင်းခြင်းကဆိုလျှင် မှားမည်မဟုတ်ပေ၊ ကျန်းမာရေးအတွက် သန့်ရှင်းရေးသည် အလွန်အရေးကြီးပါသည်။ သန့်ရှင်းမှုမရှိပါက ကျန်းမာမှု မရှိနိုင်ပေ။

မသန့်ရှင်းသော လေ၊ မသန့်ရှင်းသော ရေ၊ မသန့်ရှင်းသောအစားအစာ၊ မသန့်ရှင်းသော နေထိုင်ခြင်းများကြောင့် ရောဂါများဖြစ်ပွားရလေသည်။ ထို့ကြောင့် လူတိုင်းအတွက် ကျန်းမာရေးသည် အဓိကဖြစ်သောကြောင့် သန့်ရှင်းစွာနေထိုင် စားသောက်ရပေမည်။ အထူးသတိပြုရမည်မှာ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟု ဆိုကြသည့်အတိုင်း တန်ဖိုးမဖြတ်နိုင်သော ကျန်းမာရေးကို လူတိုင်း အလိုရှိကြသည်။ ကျောင်းသူ ကျောင်းသားများ ပညာနို့ရည်သောက်စို့ရာ ကျောင်းနှင့် ကျောင်းဝန်းကျင်သန့်ရှင်းရေးမှာလည်း အလွန်အရေးကြီးလှပေသည်။

ကျောင်းတွင်း သန့်ရှင်းရေးဆိုရာတွင် ကျောင်းအဆောက်အအုံအတွင်းရှိ ပြတင်းပေါက်များ၊ ကျောင်းသုံးပရိဘောဂများစသော စာရေးစားပွဲခုံ၊ ကုလားထိုင်၊ ကျောက်သင်ပုန်းကြီးများပေါ်တွင် ဖုန်များတက်နေခြင်းကို ဖုန်သုတ်ခြင်း၊ ဆေးကြောခြင်းများ ပြုလုပ်ရမည်။ ကျောင်းပြတင်းပေါက်များပေါ်ရှိ မှန်များပေါ်တွင် ဖုန်များတက်နေသောကြောင့် စာသင်ခန်းအတွင်းသို့ အလင်းရောင်မဝင်နိုင်ပေ။ ထိုအလင်းရောင်များမရပါက စာသင်ခန်း မှောင်နေသည်။ ဖုန်များမှတစ်ဆင့် ရောဂါပိုးမွှားများ ဝင်လေသည်။ ထိုရောဂါပိုးမွှားများမှာ စာသင်သားများအဖို့ အသက်ရှူရာတွင် အန္တရာယ်များပြားလေသည်။

ကျောင်းနံရံပေါ်ရှိ ရေညှိများ အညစ်အကြေးများကိုလည်း ဆေးကြောရန် လိုအပ်ပါသည်။

ကျောင်းစာသင်ခန်းများ၏ မျက်နှာကြက်ပေါ်တွင် ပင့်ကူအိမ်ကျပ်ခိုးများ၊ ဖုန်များရှိနေတတ်သည်။ ထိုအညစ်အကြေးများကြောင့် စာသင်ခန်းများကို ညစ်ပေစေပါသည်၊ အရုပ်ဆိုးစေပါသည်။ စာသင်သားများအတွက် ရေကောင်းရေသန့်ရရန် အလွန်အရေးကြီးလေသည်။ ရေမသန့်ပါက ရောဂါပိုးမွှားများက အန္တရာယ်ပြုပေမည်။ ယခုအခါ ရေသန့်များ ရရှိနိုင်မည်ဖြစ်သော်လည်း ရေသောက်ရန် ရေခွက်များမသန့်ရှင်းပါက၊ ခပ်သောက်သော စာသင်သားများ၏လက်များ မသန့်ရှင်းပါကလည်း ရောဂါဘယ ဖြစ်နိုင်ပေသည်။

ကျောင်းသားများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးမှာ မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါသည်။ စာသင်သားများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးတွင် လက်သည်း၊ ခြေသည်းများ လှီးဖြတ်မထားခြင်း၊ လက်ကိုမဆေးကြောဘဲ အစားအစာများကို စားသောက်ခြင်းတို့ကြောင့် ရောဂါဖြစ်စေသည်။ ထို့ကြောင့် ရေကောင်းရေသန့်များရရှိစေရန် ကျောင်းများမှ စီစဉ်ပေးရပေမည်။

စာသင်သားများ မုန့်ပဲသရေစာ ကိုင်တွယ်စားသောက်ပါက လက်ကို သန့်ရှင်းစွာ ဆေးကြောပြီးမှ စားသောက်ရပေမည်။ ကမ္ဘာ့ကုလသမဂ္ဂ ယူနီဆက်ဖ်အဖွဲ့ကြီးမှ အစာမစားမီ လက်ကို စင်ကြယ်စွာဆေးရန် သတိပေးထားလေသည်။ ဖြစ်နိုင်ပါက ဆပ်ပြာနှင့်ဆေးရန် တိုက်တွန်းထားလေသည်။

ကျောင်းတွင်း စာသင်ခန်းများတွင် အမှိုက်များကို စည်းကမ်းမရှိ ပစ်ချကြသည့်အကျင့်ကို ပြုပြင်ရန်လိုအပ်ပါသည်။

ကျောင်းများတွင်ထားရှိသည့် အဖုံးပါသော အမှိုက်ပုံးများထဲသို့ (တစ်စမြင်တစ်စကောက်)ဟူသော ဆောင်ပုဒ်အရ အမှိုက်ပုံးထဲသို့ အမှိုက်များ အရောက်ထည့်ရန် လိုအပ်ပါသည်။ ထိုအမှိုက်သရိုက်ထဲတွင် ရောဂါဖြစ်ပွားစေသော ပိုးမွှားများ ပါလာတတ်သောကြောင့် သန့်ရှင်းရေးကို အထူးဂရုစိုက်ရမည်။ သို့မှသာ ကျောင်းများတွင် အမှိုက်ကင်းစင်ကျောင်း ဖြစ်ပါမည်။

ကျောင်းများရှိ အိမ်သာများကို အထူးသတိပြု၍ သန့်ရှင်းရေးလုပ်ရန် အရေးကြီးလေသည်။ အိမ်သာများကိုလည်း ယင်လုံအိမ်သာများထားရန်ဖြစ်သည်။

ယင်လုံအိမ်သာများ မထားရှိပါက ယင်များကြောင့် ရောဂါဖြစ်ပွားစေနိုင်သည်။ အိမ်သာများကို သန့်ရှင်းအောင်ထားရမည်။ ထို့ပြင် ကျောင်းတွင် ဖွင့်လှစ်ရောင်းချသော မုန့်ဆိုင်များ၏ သန့်ရှင်းရေးကိုလည်း ဂရုစိုက်ရမည်။ မုန့်ဆိုင်များရှိ မုန့်ပဲသရေစာများပေါ်သို့ ယင်ကောင်များမနားစေရန် ပလတ်စတစ်များဖြင့် ဖုံးအုပ်ထားရမည်။ ထိုမုန့်ပဲသရေစာများကို ယင်မနားစေရန် မှန်လုံပုံးများဖြင့် အထူးဂရုစိုက်ရမည်။

> ၂၀၀၈ခုနှစ်၊ အောက်တိုဘာလ ၂၅ရက်၊ စနေနေ့
>
> **ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေးနေ့**
>
> အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွဲကြပါစို့။
>
> ပညာရေးဝန်ကြီးဌာန

အထူးသတိပြုရန်မှာ အိမ်သာတက်ပြီးတိုင်း လက်များကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောရန် လိုအပ်ပါသည်။

မုန့်ရောင်းသော ဈေးသည်များ၏ ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို စစ်ဆေးရန်လည်း လိုအပ်ပါသည်။

ဈေးသည်များ၏ ကျန်းမာရေး စစ်ဆေးမှုကို တစ်နှစ်တစ်ခါ ပြုလုပ်ရန် လိုအပ်ပါသည်။ မုန့်သည်များ၏ ကျန်းမာရေးနှင့် မုန့်ရောင်းချသည့် ဈေးဆိုင်များကို သက်ဆိုင်ရာ ကျောင်းကျန်းမာရေးအဖွဲ့က အထူးစစ်ဆေးသင့်ပါသည်။

ကျောင်းဝန်းကျင်ရှိ ချုံနွယ်ပိတ်ပေါင်းများ၊ ရေနုတ်မြောင်းများ၊ ရေဝပ်နေသော ရေအိုင်များသည် ကျောင်းတွင်းရှိ စာသင်သားများ၏ ကျန်းမာရေးကို ဒုက္ခပေးနိုင်လေသည်။ ထို့ကြောင့် ကျောင်းဝန်းကျင်ရှိ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းပစ်ရမည်။ ရေနုတ်မြောင်းများကိုလည်း ရေစီးရေလာကောင်းအောင် ဆောင်ရွက်ကြရမည်။ ရေဝပ်နေသော ရေအိုင်များ၊ မြေနိမ့်ပိုင်းများကို မြေဖို့ရမည်။

ထိုကဲ့သို့ မဆောင်ရွက်ပါက ချုံပုတ်အတွင်းရှိ ခြင်နှင့် ယင်များပေါက်ပွားလာပြီး ရောဂါကို သယ်ဆောင်လာကြမည်ဖြစ်သည်။ ရေနုတ်မြောင်းများ မရှင်းလင်းပါက ကျောင်းအတွင်းရေလျှံ၍ စာသင်သားများအတွက် သွားလာရန် အခက်အခဲဖြစ်နိုင်သည်။

ရေဝပ်နေသော ရေအိုင်များတွင် ခြင်ကျားများ ပေါက်ပွားလာမည်ဖြစ်၍ အလွန်အန္တရာယ်ကြီးသော သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားနိုင်သည်။

ထိုသွေးလွန်တုပ်ကွေးရောဂါသည် ကလေးများတွင်သာမက လူငယ်၊ လူရွယ်များကိုပါ ဖြစ်ပွားကူးစက်နိုင်သောကြောင့် ခြင်ကျားကင်းစင်ကျောင်းဖြစ်စေရန် ကျောင်းတိုင်း၌ ဆောင်ပုဒ်များ ချိတ်ဆွဲထားသည်ကို သတိပြုရပေမည်။ ထို့ပြင် ကျောင်းအတွင်းသို့ အဝင်လမ်းတွင် အုတ်များ၊ အုတ်ခဲများ မညီမညာဖြစ်နေပါက ကလေးများ ချော်လဲနိုင်သည်။ ကျောင်းဝန်းကျင်ရှိ ရေဗွက်အိုင်များ ရွှံ့နွံများဖြင့်ပြည့်နှက်နေသော နေရာများကို ရှင်းလင်းရပေမည်။

တစ်ယောက်အားနှင့်ယူသော်မရ တစ်သောင်းအားနှင့်ယူသော်ရ၏ ဆိုသည့်အတိုင်း ဆရာ ဆရာမများ၊ ကျောင်းသားများ စုပေါင်းဆောင်ရွက်ရမည့် တာဝန်ဖြစ်ပေသည်။ ကျောင်းများတွင် သောကြာနေ့ နောက်ဆုံးအချိန်၌ စုပေါင်းသန့်ရှင်းရေး ပုံမှန်ဆောင်ရွက်ကြပါသည်။ ၂၅-၁၀-၂၀၀၈ရက်တွင် သတ်မှတ်ထားသော ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေးကို ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တစ်ကျောင်းလုံးပါဝင်ကြခြင်းဖြင့် အားလုံး ပျော်ရွှင်အေးချမ်းစွာ ပညာသင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

သွေးလွန်တုပ်ကွေးရောဂါသည် ကလေးများတွင်သာမက လူငယ်၊ လူရွယ်များကိုပါ ဖြစ်ပွားကူးစက်နိုင်သောကြောင့် ခြင်ကျားကင်းစင်ကျောင်းဖြစ်စေရန် ကျောင်းတိုင်း၌ ဆောင်ပုဒ်များ ချိတ်ဆွဲထား။

ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေးကို ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တစ်ကျောင်းလုံး ပါဝင်ကြခြင်းဖြင့် အားလုံးပျော်ရွှင် အေးချမ်းစွာ ပညာသင်နိုင်မည်ဖြစ်။



မြန်မာ့လက်ရွေးစင်ဘော်လီဘောအသင်း ပြန်လည်ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၄

ဗီယက်နမ်နိုင်ငံတွင် အောက်တိုဘာ ၁၂ရက်မှ ၁၉ရက်အထိကျင်းပခဲ့သော ဗီယက်နမ် ဖိတ်ခေါ် STING CUP ဘော်လီဘောပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိခဲ့သော မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း ခေါင်းဆောင်သည့် မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းသည် အောက်တိုဘာ ၂၀ရက် ညပိုင်းက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။(အပေါ်ပုံ)

အနိုင်ရရှိခဲ့

အဆိုပါ ပြိုင်ပွဲတွင် ပထမဆုကို Nakhon Ratchasima (ထိုင်း)၊ ဒုတိယဆုကို Hoang Long Long An (ဗီယက်နမ်)နှင့် တတိယဆုကို မြန်မာအသင်းတို့ကရရှိခဲ့ပြီး ဆုကြေးများအဖြစ် ပထမ အမေရိကန်ဒေါ်လာ ၅၀၀၀၊ ဒုတိယ အမေရိကန်ဒေါ်လာ၃၀၀၀နှင့် တတိယ အမေရိကန်ဒေါ်လာ ၁၅၀၀တို့ ချီးမြှင့်ခဲ့သည်။ မြန်မာလက်ရွေးစင် အောင်မြတ်ထွန်းမှာ အကောင်းဆုံး စပေးဘောဖမ်းသူဆုနှင့် အကောင်းဆုံးလစ်ဘရိုဖမ်းသူဆုတို့ကို ရရှိခဲ့ကြောင်း သိရသည်။

မြန်မာအသင်းသည် အုပ်စုတွင် North Harbor (နယူးဇီလန်)ကို သုံးပွဲပြတ်၊ Thep Viet Hcm (ဗီယက်နမ်)ကို သုံးပွဲ-တစ်ပွဲ၊ သီရိလင်္ကာကို သုံးပွဲပြတ်တို့ဖြင့် အနိုင်ရပြီး Nakhon Ratchasima (ထိုင်း)နှင့် Hoang Long Long An (ဗီယက်နမ်)တို့ကို ရှုံးနိမ့်ကာ သုံးပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် အုပ်စုတတိယရရှိခဲ့သည်။

အကြို ဗိုလ်လုပွဲတွင် အုပ်စုဒုတိယရရှိသည့် Hoang Long Long(ဗီယက်နမ်)ကို သုံးပွဲ-ပွဲမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး တတိယလုပွဲတွင် Thep Viet Hcm (ဗီယက်နမ်)ကို သုံးပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ကြေးတံဆိပ်ဆုရ

ကြေးတံဆိပ်ရ မြန်မာဘော်လီဘောအသင်းတွင် အုပ်ချုပ်သူ ဦးသိန်းဝင်း (ဒုတိယဥက္ကဋ္ဌ ဘော်လီဘောအဖွဲ့ချုပ်)၊ နည်းပြ ဦးညီညီလွင်၊ ဦးရဲမြင့်၊ အားကစားသမား ရဲမင်းအောင်၊ ကျော်ရွှေ၊ ကျော်စွာဝင်း၊ စိုင်းညီလေး၊ ဝင်းထွန်းဦး၊ ရဲရင့်ထွန်း၊ အောင်မြတ်ထွန်း၊ နေလင်းအောင်၊ စံရွှေမောင်နှင့် ကျော်ကျော်ထွေးတို့ ပါဝင်ကြသည်။ **(မြန်မာ့အလင်း)**

အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် မြို့ပေါ်ရှိ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အဖွဲ့ပိုင် မြို့မဈေးနှင့်စာသင်ကျောင်းများတွင် ဩဂုတ် ၂၉ ရက်က ခြင်နိုင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးတင်ကိုကို ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ပေါက်မြို့နယ်၌ အလင်းရောင်စာကြည့်တိုက်ဖွင့်

ပေါက် အောက်တိုဘာ ၂၄

ပခုက္ကူခရိုင် ပေါက်မြို့နယ် သပွတ်စုကျေးရွာအုပ်စု ဒေါင်းသာကျေးရွာ၏ အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၁၈ရက် နံနက် ၉နာရီက အဆိုပါကျေးရွာစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်နှင့် မြို့နယ်ဦးစီးမှူး ဦးစောမြင့်ခိုင်တို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါစာကြည့်တိုက်တွင် ရှေးဟောင်းပေစာအုပ်ပေါင်း ၃၄အုပ်နှင့် သုတ၊ရသ အပါအဝင် စာအုပ်ပေါင်း ၇၈၀ကျော်နှင့် စာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ် ၂၃၀၀၀၀ အလှူခံရရှိထားကြောင်း သိရသည်။ **(၀၇၀)**

တီးတိန်မြို့၌ သန့်ရှင်းသော ရေရရှိရေး ဆောင်ရွက်

တီးတိန် အောက်တိုဘာ ၂၄

ချင်းပြည်နယ် တီးတိန်မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရှာလ်တန်ရေပင်ရင်း အမှတ်(၁)(၂)(၃)(၄)နှင့် ရေစုကန်၊ ရေဖမ်းကန်တို့တွင် နုန်းများဖယ်ရှားခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဘာလ်းဖန် စိမ့်စမ်းရေထွက် ပင်ရင်းသန့်ရှင်းရေးကို အောက်တိုဘာ ၂၂ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးလျန်းကျင်ခိုင် ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးနန်ဒိုးထူမ်း သွားရောက်ကြီးကြပ်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျုံမငေးမြို့ကျောင်းသား/သူဟောင်းများ အာစရိယပူဇော်ပွဲ၊ပညာရည်ချွန်ဆုပေးပွဲနှင့် မိတ်ဆုံပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၄

ကွယ်လွန်ပြီးကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများအား ရည်စူး၍ ဆွမ်းကပ်တရားနာ၊ အမျှပေးဝေခြင်းနှင့် ကျောင်းသားကျောင်းသူဟောင်းများ မိတ်ဆုံစားပွဲကို နိုဝင်ဘာ ၁၃ရက် ကြာသပတေးနေ့ နံနက် ၁၀နာရီတွင် ရွှေကျုံရတနာ အားကစားခန်းမ၌လည်းကောင်း၊ အာစရိယပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ကျောင်းပေါင်းစုံ ပဒေသာကပွဲကို ညနေ ၅နာရီတွင် ရွှေကျုံရတနာ အားကစားခန်းမ၌လည်းကောင်း ကျင်းပမည် ဖြစ်ပါ၍ ကျောင်းသားကျောင်းသူဟောင်းများ ဖိတ်စာရသည် ဖြစ်စေ၊ မရသည် ဖြစ်စေ ကြွရောက်ပါရန်နှင့် ပါဝင်လှူဒါန်း ပူဇော်ကန်တော့လိုပါက ကျုံမငေးအသင်း ဥက္ကဋ္ဌ ဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း) ဖုန်း-၅၇၈၁၉၇၊ အတွင်းရေးမှူး ဦးစိန်လှိုင် ဖုန်း-၃၈၉၃၅၅၊ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်မြင့် ဖုန်း-၂၂၄၃၂၆ အသင်းတိုက် ဖုန်း-၂၂၇၅၅၁၊ ကျုံမငေးမြို့ ဦးကြည်ခင် ရပ်ကွက်ဥက္ကဋ္ဌ ဖုန်း-၀၄၂-၆၅၂၁၅၊ ဦးအောင်သိန်းကြည် ရပ်ကွက်အဖွဲ့ဝင် ဖုန်း-၀၄၂-၆၅၁၃၂၊ ဦးရှုဟိုး ဖုန်း-၀၄၂-၆၅၃၆၃၊ ဦးဖေခင်၊ ဦးဇော်မင်းထွန်းနှင့် ဦးအုန်းကြိုင် ကျောင်းအုပ်အထက ဖုန်း-၀၄၂-၆၅၃၉၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဝိုင်းမော်မြို့နယ်၌ ကျောက်ချောလမ်းခင်း

ဝိုင်းမော် အောက်တိုဘာ ၂၄

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးသည် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် အမှတ်(၈)လမ်း ကျောက်ချောခင်းခြင်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေလွင်စိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသန်းထွန်းဝင်းတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဇေဝအရှယ် စာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၄

ချစ်နိုင်(စိတ်ပညာ) စုစည်းတင်ဆက်သည့် **"ဇေဝအရှယ်"** စာအုပ် ထွက်ရှိသည်။ **(ဓါတ်ပုံ)**

အဆိုပါ စာအုပ်တွင် နာမည်ကြီး စာရေးဆရာကြီးများ၏လက်ရွေးစင်ကဗျာ၊ တရား၊ ဆောင်းပါး၊ ဝတ္ထုတိုတို့ကို စုစည်းဖော်ပြထားသည်။ နိုင်စာပေ အမှတ် ၂၂ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၂၅၄၂၇၀၊ ၅၄၆၆၂၉ က ဖြန့်ချိပြီး ရောင်းဈေး ကျပ် ၃၀၀၀ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကညွတ်ကွင်းအထက ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၄

ပဲခူးတိုင်း ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသား ကျောင်းသူဟောင်းများက ကညွတ်ကွင်းမြို့၌ ပညာသင်ကြားပေးခဲ့ကြသည့် သက်ပြည့်အငြိမ်းစားဆရာကြီး ဆရာမကြီးတို့အား (၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၉ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အဆိုပါကျောင်း မြရတနာခန်းမ၌ ကျင်းပမည် ဖြစ်သည်။

ဆက်သွယ်နိုင်

အဆိုပါ အာစရိယပူဇော်ပွဲသို့ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေပါဝင် ကုသိုလ်ပြုလိုပါက ဦးအောင်ဝင်း ဖုန်း-၀၉-၅၀-၀၈၇၅၂ (ရန်ကုန်မြို့)၊ ဦးနိုင်လင်း ဖုန်း-၀၉-၂၀-၀၁၁၀၂(မန္တလေးမြို့)၊ ဦးထွန်းမြင့် ဖုန်း-၀၆၇-၄၁၄၂၁၀(နေပြည်တော်)၊ ဒေါ်ခင်ငွေးတင် ဖုန်း-၀၆၄-၃၅၃၅၇(မိတ္ထီလာ)၊ ဦးဝင်းလှိုင် ဖုန်း-၀၅၄-၂၃၂၄၉၊ ဦးအောင်မြင့် ဖုန်း-၀၅၄-၅၀၁၁၅(ကညွတ်ကွင်း)၊ ဒေါ်ခင်မော် ဖုန်း-၀၅၄-၅၀၀၀၈(ကျောင်းအုပ်ကြီး)နှင့် ဦးညီညီ ဖုန်း-၀၅၄-၄၀၅၉၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၅-၁၀-၂၀၀၈ ရက်

(စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈း၀၅ ၆။ အတီးပြိုင်ပွဲ
- ၈း၂၀ ၇။ တေးဂီတအစီအစဉ်
- ၈း၃၀ ၈။ International News
- ၈း၄၀ ၉။ အကပြိုင်ပွဲ
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ တစ်ပတ်အတွင်း ပြည်တွင်းသတင်း
- ၁၂း၁၅ ၄။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၂း၄၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေမေ့မေတ္တာကုဋေကုဋာ** (အပိုင်း-၁၅)
- ၁၃း၂၅ ၆။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
- ၁၄း၁၀ ၇။ Growing up in Adverse Situations
- ၁၄း၄၅ ၈။ International News
- ၁၅း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၀ ၆။ တေးဂီတအစီအစဉ်
- ၅း၀၀ ၇။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၅း၂၀ ၈။ မြန်မာ့ဝေလေ့ရိုးရာလက်ဖွဲ့
- ၅း၃၀ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
- ၇း၀၀ ၁၃။ အကပြိုင်ပွဲ
- ၇း၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၇)
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်စစ်ရှာဖွေခြင်း** (အပိုင်း-၁)
- ၂၀။ အစီအစဉ်ပြီး၏။

အင်တာနက်ဖောင်ပိတ်သတင်း

ကိုလံဘီယာမြို့တော်၌ ဗုံးငါးလုံးပေါက်ကွဲ အနည်းဆုံး ၁၁ ဦး ဒဏ်ရာရရှိ

ဘိုဂိုတာ အောက်တိုဘာ ၂၄

ကိုလံဘီယာနိုင်ငံ၏ မြို့တော် ဘိုဂိုတာ၌ အောက်တိုဘာ ၂၃ရက်က ဗုံးငါးလုံး ပေါက်ကွဲခဲ့ရာ အနည်းဆုံး လူ ၁၁ဦး ဒဏ်ရာရရှိသွားကြောင်း ထိပ်တန်းလုံခြုံရေး ရဲအရာရှိတစ်ဦးက ဆင်ပွာသို့ ပြောကြားသည်။ **(အပေါ်ပုံ)**

ပေါက်ကွဲခဲ့

အဆိုပါဗုံးများသည် ဂရမ် ၂၀၀နှင့် ဂရမ် ၅၀၀ အကြား အလေးချိန်ရှိကြောင်း၊ ပီရူးသံရုံးအနီး၌ ဗုံးတစ်လုံးပေါက်ကွဲခဲ့သည်ကို တွေ့ရကြောင်း၊ ဒဏ်ရာရရှိသူများအားဆေးရုံများသို့ တင်ပို့ထားရကြောင်း၊ ယင်းဗုံးများမှာ မြို့တော်ဘိုဂိုတာ၌ ဆန္ဒပြမှုများ ဖြစ်ပွားစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ရဲအဖွဲ့က ဆက်လက်ပြောကြားသည်။

(အင်တာနက်)

✳ ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။
✳ မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ ဆိတ်နို့အသုံးဝင်။
✳ အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။

✳ ကျောဖုံးမှ

ချင်းပြည်နယ် တီးတိန်မြို့နယ် တီးတိန်-ရိဒ် ရေကန်လမ်းပေါ်ရှိ မံဆောင်းတံတားကို ၂၀၀၅ခုနှစ် မတ်လ ၂၀ရက်က ဖွင့်လှစ်ပေးခဲ့သည်။ နိုင်ငံတော်တစ်ဝန်းတွင် ၁၉၈၈ခုနှစ် နောက်ပိုင်း ပေ၁၈၀နှင့်အထက် စီမံကိန်းဝင် တံတားများအနက် မံဆောင်းတံတားသည် ချင်းပြည်နယ်၏ လေးစင်းမြောက် တံတားဖြစ်ပေသည်။

အဆိုပါ လမ်းမကြီးလေးသွယ်အပြင် အခြားလမ်းများကိုလည်း ပြုပြင်ဖောက်လုပ်နေခြင်းကြောင့် ချင်းပြည်နယ်သည် ယခင်အခြေအနေ နှင့်မတူတော့ဘဲ ကူးသန်းသွားလာမှု လွယ်ကူလျင်မြန်လာခဲ့ပေပြီ။ ဟားခါးမှ ကလေးလမ်းကြောင်းအတိုင်း ဆင်းသည့်လမ်းနှင့် မတူပီမှ မင်းတပ်၊ မင်းတပ်မှကျောက်ထု-ပခုက္ကူဆင်းသည့်လမ်း တို့သည် ယခုအခါ သိသိသာသာ တိုးတက်ကောင်းမွန်လာခဲ့ပြီဖြစ်သည်။ အလားတူ ဟားခါးမှ ဂန့်ဂေါဆင်းသည့် လမ်းကြောင်းသစ်သည်လည်း ချင်းပြည်နယ်မြောက်ပိုင်း၏ ခိုင်မာသော ထွက်ပေါက်ဖြစ်နေပေပြီ။

နေ့ဝက်ခရီး

ချင်းပြည်နယ်တောင်ပိုင်း၏ ထွက်ပေါက်အဖြစ် မင်းတပ်နှင့် ဆက်စပ်သည့် မင်းတပ်-ကျောက်ထု-ပေါက်ကားလမ်းကိုလည်း ကတ္တရာလမ်း တိုးချဲ့ဖောက်လုပ်ပေးနေသကဲ့သို့ လိုအပ်သည့်တံတားနှင့် အဆင့်မြှင့် တည်ဆောက်ထားသည့်အတွက် ယခုဆိုလျှင် ပခုက္ကူ-မင်းတပ်လမ်းသည် ယခင်ကကဲ့သို့ ညအိပ်သွားစရာမလိုဘဲ နေ့ဝက်ခရီးဖြင့် သွားလာနိုင်ကြပေပြီ။

အလားတူ မင်းတပ်-မတူပီလမ်းသည်လည်း ညအိပ်ခရီးမဟုတ်ဘဲ နေ့ချင်းပေါက်ခရီးဖြစ်နေပြီဖြစ်သည်။ ချင်းပြည်နယ်မြောက်ပိုင်းနှင့် ဆက်စပ်သည့် မုံရွာ-ယာကြီး-ကလေးဝ ကားလမ်းသစ်ကိုလည်း လိုအပ်သည့်တံတားများနှင့်အတူ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ယခုအခါ ချင်းပြည်နယ်မြောက်ပိုင်းမှ မန္တလေးမြို့အထိ နေ့ချင်းပေါက်ခရီး သွားရောက်နိုင်ပြီဖြစ်သည်။

လွယ်လင့်တကူ

ယင်းလမ်းမကြီးများမှတစ်ဆင့် ချင်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းနှင့် စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့သည် ထွက်ကုန်သီးနှံများအပါအဝင် ကုန်စည်များကို အပြန်အလှန် လွယ်လင့်တကူ ရောင်းဝယ် ဖောက်ကားသွားလာနိုင်၍ ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများ ရရှိနေပြီဖြစ်ပေသည်။

တာဝန်ယူတည်ဆောက်ခဲ့

မံဆောင်းတံတားသည် ချင်းပြည်နယ် တီးတိန်မြို့ တီးတိန်-ရိဒ် ရေကန်လမ်း မိုင် ၈/၂ မိုင်တွင် တည်ရှိ၍ မဏိပူရမြစ်ကို ဖြတ်သန်း တည်ဆောက်ထားသော ဘေလီတံတား၊ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး စုစုပေါင်းတံတား အရှည်မှာ ပေ၄၆၀ရှိသည်။ ယာဉ်သွားလမ်းအကျယ် ၁၆ပေရှိပြီး တံတားအောက် ရေလမ်းကင်းလွတ်နယ် အကျယ်ပေ၂၂၀နှင့် အမြင့်ပေ၃၀ရှိသည်။ တံတား၏ ခွင့်ပြုယာဉ်အလေးချိန်မှာ တန်၃၀ရှိသည်။ မံဆောင်းတံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၁၄)က ၂၀၀၂ခုနှစ် ဒီဇင်ဘာ ၁ရက်၌ စတင်တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

မိုးလေဝသ ခန့်မှန်းချက်

မြန်မာ့အလင်း

သန်းသန်းနု ကိုးကားတင်ပြသည်

ရခိုင်ပြည်နယ်၊ချင်းပြည်နယ်နှင့်စစ်ကိုင်းတိုင်းအောက်ပိုင်းတို့၌ နေရာကွက်ကျားမိုးရွာနိုင်
ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

ရန်ကုန် အောက်တိုဘာ ၂၄

အောက်တိုဘာ ၂၄ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေကို ဖော်ပြရပါလျှင် ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့၌ နေရာကွက်ကျား မိုးရွာခဲ့သည်။ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးရွာခဲ့ပြီး မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာစိပ်စိပ် မိုးရွာခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

အောက်တိုဘာ ၂၄ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာအောက်ပါအတိုင်း ဖြစ်သည်-

နေပြည်တော်(သပြေကုန်း)	၀ ဒသမ ၇၅ လက်မ
နေပြည်တော်(လယ်ဝေး)	၁ ဒသမ ၀၆ လက်မ
နေပြည်တော်(တပ်ကုန်း)	၀ ဒသမ ၈၃ လက်မ
ရမည်းသင်း	၃ ဒသမ ၄၆ လက်မ
တောင်တွင်းကြီး	၂ ဒသမ ၆၀ လက်မ
ဟဲဟိုး	၂ ဒသမ ၂၄ လက်မ

အောက်တိုဘာ ၂၅ရက်**(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတု အခြေအနေကို ခန့်မှန်းရပါက ကယားပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့၌ နေရာကျဲကျဲ မိုးရွာနိုင်သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

အောက်တိုဘာ ၂၅ရက်**(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာစံတော်ချိန် နံနက်၉နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည် ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကားချက်-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ်ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်ဆောက်လုပ်နေမှု လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာချုပ် ဒေါ်စန္ဒာဝင်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်

ထို့နောက် ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ်ဆောက်လုပ်ရန် တတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ရန်ကုန်ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပရာ အလှူရှင် ၈၂ဦးတို့က အလှူငွေစုစုပေါင်း ငွေကျပ် ၅၅၀၄၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ **(အပေါ်ပုံ)**၊ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများက လက်ခံကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကြည်ဝင်းက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပါဝင်လှူဒါန်း

အဆိုပါ ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ်ဆောက်လုပ်ရန်အတွက် ဂျူးသိန်းဆေးပေါ့လိပ်မှ ဦးကျင်ဝမ်း-ဒေါ်လှသိန်းတို့က ယခင်မတည်အလှူငွေကျပ် သိန်းနှစ်ထောင်နှင့် ယူနီဗာဆယ်ဆောက်လုပ်ရေးကုမ္ပဏီမှ ဒေါက်တာဇော်ထွန်းမိသားစုက ယခင်မတည်အလှူငွေကျပ် သိန်းတစ်ထောင် အပါအဝင် စေတနာရှင်၊ အလှူရှင်များက စုပေါင်းပါဝင်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆေးရုံတိုးချဲ့အဆောက်အအုံသစ်သည် ယခုအခါ စီမံကိန်းလုပ်ငန်းများ၏ ၈၀ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စစ်ကိုင်း ဇေယျာလမ်း ကတ္တရာထပ်ပိုးလွှာခင်း တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

စစ်ကိုင်း အောက်တိုဘာ ၂၄

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်မြင့်စိုးသည် အောက်တိုဘာ ၉ရက် ညနေပိုင်းက စစ်ကိုင်းမြို့ ဇေယျာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးကျော်ဇေယျက ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်မြင့်သန်းနှင့် စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆွေတို့က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးဗိုလ်မှူးချုပ်မြင့်စိုးက လမ်းအရည်အသွေးကောင်းမွန်စွာ ဆောင်ရွက်ရေးနှင့် စံချိန်စံညွှန်းပြည့်မီရေးကို အလေးထားဆောင်ရွက်ရန် ပြောကြားကြောင်း သိရသည်။ **(တိုင်းစည်ပင်)**

သတင်းအချက်အလက်နှင့် ကွန်ရက်နည်းပညာဟောပြော

ရန်ကုန် အောက်တိုဘာ ၂၄

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Myanmar Computer Company Ltd (MCC) ၏ ပံ့ပိုးကူညီမှုဖြင့် သတင်းအချက်အလက်နှင့် ကွန်ရက်နည်းပညာ ဟောပြောပွဲကို အောက်တိုဘာ ၁၁ရက်က ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်အဆောက်အအုံ ပင်မဆောင် အခန်း(၂၀၅)၌ ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အတွင်းရေးမှူး ဦးငြိမ်းဦးနှင့် အလုပ်အမှုဆောင် ဦးအောင်ဇော်မြင့် (MCC) တို့က စီးပွားရေးလုပ်ငန်းများ၏ သတင်းအချက်အလက်များလုံခြုံမှုကိုရည်ရွယ်ကာ သတင်းအချက်အလက်နှင့် ကွန်ရက်နည်းပညာ (Information & Network Security) ခေါင်းစဉ်ဖြင့် ဟောပြော ဆွေးနွေးကြကြောင်း သိရသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

ယခုတစ်ပတ်ကြည့်ရမည့်ရုပ်ရှင်ကားများ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် အောက်တိုဘာ ၂၄

ယခုသောကြာပတ်မှာလည်း **ချစ်တော့ချစ်တယ် အလိုမလိုက်ဘူး**ဆိုတဲ့ ဟာသဇာတ်မြူးကားကိုပဲ သမ္မတ၊ သွင်နဲ့ မင်္ဂလာ အဆင့်မြင့်ရုံတွေမှာ ဆက်လက်ကြည့်ရှုရမှာ ဖြစ်ပါတယ်။ အချစ်က ရွှေဆောင်ရုံနဲ့ ရတနာပုံရုံမှာ ဆက်လက်လန်းနေဦးမှာပါ။ နေပြည်တော် ရုံမှာတော့ သိပ္ပံစိတ်ကူးယဉ် အက်ရှင်ဇာတ်ကားဖြစ်တဲ့ ရွှေစစ်သည်တော်များလို့အမည်ရတဲ့ HELL BOY-2, The Golden Army ဇာတ်ကားသစ် ရုံဝင်လာပါတယ်။နတ်စစ်သည်တွေနဲ့ လူသားတို့တိုက်ပွဲအကြောင်းအခြေခံ ရိုက်ကူးထားတဲ့အက်ရှင်ကားဖြစ်ပါတယ်။

ကြည့်ကြရမည့် အိန္ဒိယဇာတ်ကားတွေကတော့ ကမ္ဘာတည်သရွေ့ကမ္ပည်းတင်မည့် အချစ်လို့အမည်ရတဲ့ Qayamat Se Qayamat Tak ဇာတ်ကားက မြို့မရုံမှာ ရုံဝင်လာပါတယ်။ အနှစ်နှစ်အလလက သန္ဓေတည်ခဲ့တဲ့ အမုန်းတရားနဲ့ အာဃာတတွေကြောင့် ဆန့်ကျင်ဘက်ဖြစ်နေတဲ့ မိသားစုနှစ်စုမှ ပေါက်ဖွားလာတဲ့ ချစ်သူနှစ်ဦးအကြောင်း ဇာတ်လမ်းဆင် ရိုက်ကူးထားတာပါ။ Romeo and Juliet, Take me away, Seven night in Japan, Princess and photographer ကားတွေကို ကြိုက်နှစ်သက်ခဲ့တယ်ဆိုရင် ဒီဇာတ်ကားကိုလည်း ပရိသတ်တွေ ကြိုက်မှာပါလို့ဆိုထားပါတယ်။ ဘုရင့်ရုံမှာတော့ အက်ရှင် မင်းသားအာဂျေးဒေ့ဂန်ရဲ့ ဒရာမာအက်ရှင် ဇာတ်ကားဖြစ်တဲ့ **Golmaal** ဇာတ်ကား ရုံဝင်လာပါတယ်။

မြို့လယ် စံပြ၊ ရွှေမန်း၊ သီတာနဲ့ဝဇီရာ (၂)ရုံတွေမှာတော့ အဆင့်မြင့် မြန်မာ ဗီဒီယိုဇာတ်ကားဖြစ်တဲ့ **စိုက်ရှင်း**ဇာတ်ကား ပြသနေဆဲပါ။ **စိုက်ရှင်း**ဇာတ်ကားမှာ ကျော်ရဲအောင်၊ စိုးမြတ်သူဇာ၊ နေထူးနိုင်နှင့် စိုးပြည့်သဇင်တို့ အဓိကပါဝင် ထားပါတယ်။ ။ **(မြန်မာ့အလင်း)**

ချစ်တော့ချစ်တယ် အလိုမလိုက်ဘူး ဇာတ်ကားမှ ခန့်စည်သူနှင့် ခိုင်သင်းကြည်။

အောက်တိုဘာ ၂၁ရက်က လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို အမှတ်(၄)ရပ်ကွက်ခန်းမ၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မကြီးနှင့် အမှတ်(၄)ရပ်ကွက် ဥက္ကဋ္ဌ ဦးဖြိုးဇော်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ဖလမ်းမြို့ သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်

ဖလမ်း အောက်တိုဘာ ၂၁

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးအောင်သည် အောက်တိုဘာ ၁၆ရက်က ဖလမ်းမြို့သို့ ရောက်ရှိကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့သာယာလှပရေးဆောင်ရွက်မှု၊ မြို့တွင်းသန့်ရှင်းရေးဆောင်ရွက်မှုများနှင့် မြို့တွင်း လမ်းဘေးဝဲယာတစ်လျှောက် သစ်ပင်များစိုက်ပျိုးထားရှိမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ အမှုဆောင်အရာရှိ ဦးထလာဟရဲက လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဆေးဝါးကျွမ်းကျင်သူများ သမဝါယမအသင်း စည်းဝေးမည်

ရန်ကုန် အောက်တိုဘာ ၂၄

သင်္ဃန်းကျွန်းမြို့နယ် ဆ/ခရပ်ကွက် ရွှေကိန္နရီအိမ်ရာ၌ တည်ထောင်ဖွဲ့စည်းထားသည့် ဆေးဝါးကျွမ်းကျင်သူများ သမဝါယမအသင်းလီမိတက်၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် နှစ်ပတ်လည်ညီလာခံကို နိုဝင်ဘာ၉ရက် မွန်းလွဲ ၁ နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် ကျိုက်ဒေးယို့ (ရန်ကုန်) အာနန္ဒာစေတီတော်မြတ်ကြီး ဓမ္မာရုံတွင်ကျင်းပမည်ဖြစ်ရာ ဆေးဝါးကျွမ်းကျင်သူများ သမဝါယမအသင်းလီမိတက်သို့ အသင်းမဝင်ရသေးသော်လည်း စိတ်ပါဝင်စားသည့် ဆေးဝါးကျွမ်းကျင်သူများ တက်ရောက်နိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

လှိုင်မြို့နယ်ဈေးများ မီးဘေးကာကွယ်ရေး ဟောပြောပွဲနှင့်သရုပ်ပြပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၄

လှိုင်မြို့နယ်အတွင်းရှိ ဈေးများ မီးဘေးလုံခြုံရေးစီမံချက်အရ ဈေးမီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲ အခမ်းအနားကို အောက်တိုဘာ ၁၈ရက်က လှိုင်ရတနာဈေး ဈေးတာဝန်ခံ ရုံးခန်းအနီး၌ကျင်းပရာ မြို့တော်စည်ပင်ဈေးများဌာနမှ ဌာနခွဲမှူး ဗိုလ်ကြီး အောင်နိုင်ထွေး(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး လှိုင်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ ဦးစီးအရာရှိ ဦးကျော်နိုင်က မီးဘေးကြိုတင်ကာကွယ်ရေးပညာပေးဟောပြောကာဆီမီးလောင်မှုအားမီးသတ်ဆေးဘူးဖြင့် လက်တွေ့ငြိမ်းသတ်သရုပ်ပြသကြသည်။ (ယာပုံ)(မြို့နယ် ပြန်/ဆက်)

မြောက်ဥက္ကလာပမြို့နယ် ရိုးရာပန်းပညာရှင်များ အစည်းအရုံး အလုပ်အမှုဆောင်သစ်များ ရွေးချယ်တာဝန်ပေးအပ်

ရန်ကုန် အောက်တိုဘာ ၂၄

မြောက်ဥက္ကလာပမြို့နယ် ရိုးရာပန်းပညာရှင်များအစည်းအရုံး အလုပ်အမှုဆောင်သစ်များ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို (ဈ)ရပ်ကွက် သဒ္ဒမ္မဟိတကာရီဓမ္မာရုံ ခန်းမ၌ အောက်တိုဘာ၁၀ရက်ကကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးအောင်ကျော်ညွန့်၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)မှ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးသန့်စင်(ပန်းချီလှတင်ထွန်း)နှင့် ဦးစောလှိုင်၊ အတွင်းရေးမှူး ဦးကြည်ဝင်း(တူဒေး)တို့က အမှာစကားပြောကြားပြီး မြို့နယ်ရိုးရာပန်းပညာရှင်များ အစည်းအရုံး အလုပ်အမှုဆောင်များ ဖွဲ့စည်းတာဝန်ပေးအပ်ရာ ဥက္ကဋ္ဌ ဦးသန်းမြင့် (ဘစတား) နှင့် အတွင်းရေးမှူး ဦးနေအောင်ရှူတို့ ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ဝင် ၂၆ဦးတို့အား ရွေးချယ် တာဝန်ပေးအပ်လိုက်သည်။

ထို့နောက် မြို့နယ်ရိုးရာပန်းပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌသစ် ဦးသန်းမြင့် (ဘစတား)က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

(၁၁၈)

ငါန်းဇွန်မြို့မဈေး၌ သားငါးများလတ်ဆတ်ရေး ကြပ်မတ်ဆောင်ရွက်

ငါန်းဇွန် အောက်တိုဘာ ၂၄

ငါန်းဇွန်မြို့မဈေးတွင် တည်ခင်းရောင်းချလျက်ရှိသော အသားဆိုင်နှင့် ငါးဆိုင်များအား သန့်ရှင်းလတ်ဆတ်သော အသားငါးများဖြစ်စေရေး ၊ ယင်လုံဆန်ခါဖြင့်ရောင်းချရေး၊ အလေးချိန်ခွင် မှန်ကန်မှုရှိစေရေးနှင့် သတ်မှတ်ပေးထားသည့် ဈေးနှုန်းမှန်ဖြင့် ရောင်းချစေရေးတို့အတွက် အောက်တိုဘာ ၂၃ရက်က (ဈေးခေါင်း) ဦးမြင့်ကြွယ်နှင့် ခေတ္တအမှုဆောင်အရာရှိ ဦးမြင့်လွင်တို့ ကွင်းဆင်းစစ်ဆေး၍ ကြပ်မတ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

အမည်ပြောင်း

အဖဦးသန်းလွင်၏သမီး နမ္မတီးမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(D)မှ မခင်ညိုမီလွင်အား မခင်ညိုသန့်ဟု ပြောင်းလဲခေါ်ပါရန်။

မခင်ညိုသန့်။

ပျောက်ဆုံးကြောင်း

ဦးမြင့်ကြည် ၈/၇၃၀၈ ဝီလီဂျစ်ကား၏ အခွန်ကျေပုံစံ(၁) မူရင်း ခရီးသွားရင်း ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။

ဖုန်း-၂၄၄၅၅၅။





ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၁၀-၂၀၀၈နေ့စွဲပါ စာမျက်နှာ(၁၈)တွင် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းကြော်ငြာအားဖခင်ဖြစ်သူဦးသိန်းငွေအစား ဦးသိန်းဌေး ၁၂/အလန(နိုင်)၀၁၉၄၅၀ဟုပြင်ဆင် ဖတ်ရှုပါရန်။

ကွန်ကရစ်တံတား ဘီးလင်းမြို့နယ်၌တည်ဆောက်

ဘီလင်း အောက်တိုဘာ ၂၄

ဘီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော သီရိလမ်းနှင့် ပိတောက်လမ်းဆုံ ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုကို ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် အဖွဲ့မှ လာရောက်စစ်ဆေးရာ အမှုဆောင်အရာရှိက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

တင်ဒါကြော်ငြာ

ရောင်းချမည့်ပစ္စည်း ။ ဆေးရိုး၊ ဆေးမှုန်အပါအဝင် အသုံးမလိုပိုလျှံပစ္စည်း ရှစ်မျိုး
ရောင်းချမည့်နေရာ ။ အမှတ်၄၉၊ မယ်ဇီကုန်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်အမှတ်(၁)စီးကရက်စက်ရုံ
တင်ဒါပိတ်မည့်နေ့ ။ ၃၀-၁၀-၂၀၀၈ရက်
တင်ဒါပိတ်မည့်အချိန် ။ ညနေ ၃နာရီ

စက်ရုံးမှူးသို့လိပ်မူ၍ ချိပ်ပိတ်တင်ဒါတင်သွင်းရန်။

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၀၈ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနားတွင် "အင်းငါးထုတ်လုပ်မှု အကောင်းဆုံးဆု" ချီးမြှင့်ခြင်းခံရသော သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် **သီဟသုဓမ္မမဏိဇောတရေ ဦးရဲဒင်** အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ခရိုင်အလုပ်အမှုဆောင်အဖွဲ့
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း
သာယာဝတီခရိုင်။

Fifpro အကောင်းဆုံးဘောလုံးသမားဆု ပဏာမစာရင်း ထုတ်ပြန်ကြေညာ

မြင့်မောင်စိုး စုစည်း၍ ဝင်းချို စာမျက်နှာဖွဲ့သည်

လန်ဒန် အောက်တိုဘာ ၂၄

ဖစ်ပရို Fifpro Word XI ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုအတွက် ပဏာမ စာရင်းထုတ်ပြန်ခဲ့ရာ ပရီမီယာလိဂ် ဘောလုံးသမား ၂၁ဦးလည်း ပါဝင်သည်။ ယင်းတို့ အနက် အင်္ဂလန်အသင်း ဘောလုံးကစားသမား ခြောက်ဦးပါဝင်သည်။ ချယ်လ်ဆီးမှ ရှစ်ဦးပါဝင်ရာ အင်္ဂလန်ကစားသမားများ ဖြစ်ကြသည့် ဂျွန်တယ်ရီ၊ လမ်းပတ်၊ အက်ရှ်လေကိုးတို့လည်း ပါဝင်သည်။

ရေပန်းအစားဆုံး

ဝိန်းရွန်နေနှင့် ဖာဒီနန်တို့သည် မန်ယူမှ ခုနစ်ဦး ရွေးချယ်ခံခဲ့ရာတွင် အပါအဝင်ဖြစ်သည်။ မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုသည် Fifpro အကောင်းဆုံး ဘောလုံးသမားဆု ဆွတ်ခူးရန် ရေပန်းအစားဆုံး ဖြစ်သည်။

ပေါ်တူဂီ တောင်ပံကစားသမား စီရိုနယ်ဒိုသည် မန်ယူအတွက် ပြီးခဲ့သည့် ဘောလုံးရာသီက ပရီမီယာလိဂ်နှင့် ချန်ပီယံလိဂ် ပြိုင်ပွဲနှစ်ရပ်တွင် စုစုပေါင်း ၄၂ဂိုး သွင်းယူခဲ့သည်။

ပေးအပ်ချီးမြှင့်

အဆိုပါ အကောင်းဆုံး ဘောလုံးသမားဆုကို အောက်တိုဘာ ၂၇ ရက်တွင် ပေးအပ်ချီးမြှင့်မည် ဖြစ်သည်။ ယင်းဆုကို ကမ္ဘာ့ကြေးစားဘောလုံးသမားများ အသင်းက ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

Fifpro Word XI အတွက် ပဏာမရွေးချယ်ထားသည့်စာရင်း

အမည်	နိုင်ငံ	ကလပ်အသင်း
ကင်နာဗာရို	အီတလီ	ရီးရဲမက်ဒရစ်
အက်ရှ်လေကိုးလ်	အင်္ဂလန်	ချယ်လ်ဆီး
ပူယိုးလ်	အီတလီ	ဘာစီလိုနာ
မိုက်ကယ်ဘောလက်	ဂျာမနီ	ချယ်လ်ဆီး
ကာရင်ဘင်ဇီမာ	ပြင်သစ်	လိုင်ယွန်
ဘတ်ဖွန်း	အီတလီ	ဂျူဗင်းတပ်စ်
ကာစီးလက်	စပိန်	ရီးရဲမက်ဒရစ်
စီရိုနယ်ဒို	ပေါ်တူဂီ	မန်ယူ
ဒရော့ဘာ	အိုင်ဗရီကို့စ်	ချယ်လ်ဆီး
ဆမ်မြူရယ်အီတိုး	ကင်မရွန်း	ဘာစီလိုနာ
ဖာဘရီဂတ်စ်	စပိန်	အာဆင်နယ်
ဖာနန်ဒိုတောရက်စ်	စပိန်	လီဗာပူး
စတီဗင်ဂျရတ်	အင်္ဂလန်	လီဗာပူး
ဖရန့်လမ်းပတ်	အင်္ဂလန်	ချယ်လ်ဆီး
ဝိန်းရွန်နေ	အင်္ဂလန်	မန်ယူ
အီဘရာဟင်မိုဗစ်ချ်	ဆွီဒင်	အင်တာမီလန်
ကာကာ	ဘရာဇီး	အေစီမီလန်
လီယိုနယ်မက်ဆီ	အာဂျင်တီးနား	ဘာစီလိုနာ
ပီပီ	ပေါ်တူဂီ	ရီးရဲမက်ဒရစ်

Fifpro အကောင်းဆုံးဘောလုံးသမားဆုအတွက် ပဏာမရွေးချယ်ခံထားရသော အင်္ဂလန်အသင်းမှ ဘောလုံးသမားအချို့။

အမည်	နိုင်ငံ	ကလပ်အသင်း
တီဗက်ဇ်	အာဂျင်တီးနား	မန်ယူ
အွန်နရီ	ပြင်သစ်	ဘာစီလိုနာ
ဘိုစင်ဝါ	ဂျာမနီ	ချယ်လ်ဆီး
ဖာဒီနန်	အင်္ဂလန်	မန်ယူ
ဇမ်ဘရော့တာ	ပြင်သစ်	အေစီမီလန်
မာရှေယာနို	အာဂျင်တီးနား	လီဗာပူး
ဘာဘာတော့ဗ်	ဘူလ်ဂေးရီးယား	မန်ယူ
ဖရန့်ရစ်ဘာရီ	ပြင်သစ်	ဘိုင်ယန်မြူးနစ်
မားကို့စ်ဆန်နာ	စပိန်	ဗီလာရီးရဲ
ဆာဂျီယိုရာမို့စ်	စပိန်	ရီးရဲမက်ဒရစ်
လူကာတိုနီ	အီတလီ	ဘိုင်ယန်မြူးနစ်
ဗန်ဒါဆာ	နယ်သာလန်	မန်ယူ
ဗန်ဒါဗတ်	နယ်သာလန်	ရီးရဲမက်ဒရစ်
ရူဗင်နစ္စတယ်ရွိုင်း	နယ်သာလန်	ရီးရဲမက်ဒရစ်
နီမန်ဂျာဗီဒစ်	ဆားဘီးယား	မန်ယူ
ဒေးဗစ်ဗီလာ	စပိန်	ဗလင်စီယာ
ဇာဗီ	စပိန်	ဘာစီလိုနာ
ယူရီဇီယာကော့ဗ်	ရုရှား	စီအက်စ်ကေအေမော်စကို

(အင်တာနက်)

မြန်မာ့လက်ရွေးစင်ဟောင်းများအသင်း အပြီးသတ်ရွေးချယ် အောက်တိုဘာ ၂၆ရက်၌ ဘရာဇီးအသင်းနှင့်ကစားမည်

ရန်ကုန် အောက်တိုဘာ ၂၄

ဘရာဇီး လက်ရွေးစင်ဟောင်း ကစားသမားအများစုပါဝင်သောအသင်းနှင့် မုန်တိုင်းသင့် ပြည်သူများအတွက် ယှဉ်ပြိုင်ကစားမည့် ရန်ပုံငွေဘောလုံးပွဲအတွက် မြန်မာ့လက်ရွေးစင်ဟောင်းများ ဘောလုံးအသင်းသည် အပြီးသတ်ကစားသမား၃၀ကို ရွေးချယ်လိုက်ပြီဖြစ်သည်။



လက်ရွေးစင်ဟောင်းအသင်း ကွင်းလယ်ကို ဦးဆောင်မည့် ကြည်လွင်။

မြန်မာ့ လက်ရွေးစင်ဟောင်းများ အသင်းတွင် နည်းပြများအဖြစ် ဦးအေးမောင်ကြီး၊ ဦးမျိုးဝင်းညွှန့်၊ ဦးခင်မောင်တင့်၊ အားကစားသမားများအဖြစ် ဂိုး-အောင်ကျော်ကျော်၊ တင်မောင်သိန်း၊ ဘိုဘိုအောင်၊ နောက်တန်း-တင့်ဇော်၊ ရဲထွဋ်လေး၊ မင်းဇော်ဦး၊ ထွန်းမြင့်လွင်၊ စိုးနိုင်၊ မောင်မောင်ကြီး၊ ကျော်ဒွန်း၊ စောဘမြင့်၊ ဇော်လင်းထွန်း၊ မိုးကျော်သူ၊ ဗိုက်ဇာကမ်၊ မင်းမင်းအောင်၊ အလယ်တန်း-ကြည်လွင်၊ အေးနိုင်၊ လွင်ဦး၊ စန်းမောင်၊ မောင်မောင်ဌေး၊ ကျော်မင်း၊ တင့်နိုင်ထွန်းသိန်း၊ တင်မောင်ထွန်း၊ အောင်ကျော်ထွန်း၊ သန်းတိုးအောင်၊ ရှေ့တန်း-မျိုးလှိုင်ဝင်း၊ ဇော်ဝင်းထွန်း၊ ထွန်းမင်းနိုင်၊ ဇော်ထိုက်နှင့် လာကျဲအိုလွယ်တို့ ပါဝင်ကြသည်။ အဆိုပါ အသင်းမှာ ၁၉၉၀ပြည့်နှစ်နောက်ပိုင်း ငွေခေတ်ဘောလုံးသမားအများစုနှင့် ၂၀၀၀ပြည့်နှစ် နောက်ပိုင်း လက်ရွေးစင်ကစားသမားဟောင်းများကို ရွေးချယ်ဖွဲ့စည်းထားခြင်းလည်းဖြစ်သည်။

ရန်ပုံငွေဘောလုံးပွဲ ပထမပွဲအဖြစ် အောက်တိုဘာ၂၆ရက်တွင် သုဝဏ္ဏကွင်း၌ မြန်မာ့လက်ရွေးစင်ဟောင်းအသင်းနှင့် ဘရာဇီးအသင်း၊ ဒုတိယပွဲအဖြစ် အောက်တိုဘာ ၂၈ရက်တွင် အောင်ဆန်းကွင်း၌ မြန်မာ့လက်ရွေးစင်အသင်းနှင့် ဘရာဇီးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပထမနေ့ ရန်ပုံငွေဘောလုံးပွဲ မစတင်မီ မွန်းလွဲ ၁နာရီမှစ၍ နာမည်ကြီးအဆိုတော်များ၊ ရုပ်ရှင်သရုပ်ဆောင်များက တေးသီချင်းများဖြင့် ဖျော်ဖြေသွားမည်ဖြစ်သည်။

တိုက်ရိုက်ထုတ်လွှင့်သွားမည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မြန်မာ-ဘရာဇီး ရန်ပုံငွေဘောလုံးပွဲကို **Main Sponsors** အဖြစ် စူပါကော်ဖီမစ်မှ ကျပ်သိန်း ၂၀၀၊ **Co-Sponsors** များအဖြစ် **One-Tea** နို့ဆီနှင့် လေဆာသွားတိုက်ဆေးတို့မှ ကူညီပံ့ပိုးပေးထားသည်။ အဆိုပါ ရန်ပုံငွေဘောလုံးပွဲများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏စီစဉ်မှုဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

သူတို့အတွေးနှင့်အမြင်

Where I am not Napoleon , I would be Alexander.

ကျွန်ုပ်သည် နပိုလီယန် မဖြစ်ခဲ့လျှင်သော်မှ ရုရှားဘုရင်အလက်ဇန္ဒြားဖြစ်မည့်သူပင် ဖြစ်သည်။

နပိုလီယန် (ပြင်သစ်ဧကရာဇ်)

I believe in work, hard work and long hours of work. Men do not break down from overwork, but from worry and dissip ation.

ကျွန်ုပ်သည် အလုပ်လုပ်ခြင်း၊ ကြိုးစား၍လုပ်ခြင်း၊ အချိန်ကြာမြင့်စွာ အလုပ်လုပ်ခြင်းကို လက်ခံသည်။ လူတို့သည် အလုပ်ကို မတန်တဆ လုပ်ဆောင်ရခြင်းကြောင့် ခန္ဓာကိုယ်နွမ်းကျေသွားခြင်းမဖြစ်သော်လည်း ပူပင်သောကနှင့် အပျော်အပါး လိုက်စားမှုတို့ကြောင့်သာ ခန္ဓာကိုယ်နွမ်းကျေကြရသည်ဟု ယုံကြည်သည်။

ချာလီအီဗန်စ်ဟုဂျက်စ်
(အမေရိကန်လူမျိုး တရားသူကြီးချုပ်)

ဘဝအမောပြေ

ရပ်ခိုင်းလို့ပါ....

ကားလမ်းပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားရာ လူများ ဝိုင်းအုံကြည့်ရှုနေသဖြင့် ရဲတပ်ဖွဲ့ဝင်များက ဖယ်ရှားကြရန် ပြောလေသည်။

ရဲတပ်ဖွဲ့ဝင် ။ ။ ကဲ.... လူတွေအားလုံးရှင်းပေးကြပါ။

တချို့က ရုတ်တရက်မသွားသေးဘဲ ရပ်ကြည့်နေကြသည်။

ရဲတပ်ဖွဲ့ဝင် ။ ။ ကျေးဇူးပြုပြီး သက်သေတစ်ယောက်သာနေခဲ့စေချင်ပါတယ်.... အားလုံး ကိုယ့်လမ်းကိုယ်သွားကြပါ။

ထိုအခါ အမျိုးသမီးကြီး တစ်ဦးသာ ကျန်ရစ်ခဲ့တော့သည်။

ရဲတပ်ဖွဲ့ဝင် ။ ။ ကဲ....အန်တီ ဒီအဖြစ်အပျက်ကို မြင်ခဲ့သမျှ ပြောပြပါဦး။

အမျိုးသမီးကြီး ။ ။ ဘာမှမမြင် ဘာမှ မသိပါဘူး။

ရဲတပ်ဖွဲ့ဝင် ။ ။ ဒါဆို ဒီမှာ ဘာလို့ရပ်နေတာလဲဗျာ....

အမျိုးသမီးကြီး ။ ။ ကျွန်မ အမည်က မသက်သေပါ ဆရာပဲရပ်နေပါဆိုလို့။

ရဲတပ်ဖွဲ့ဝင် ။ ။ **"ဟာဗျာ"**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

ကမ္ဘာ တစ်လွှား ထူးထူး ခြားခြား

ကမ္ဘာ့အကြီးဆုံး ဟော့ပေါ့အိုးကြီး

ဗြိတိန်နိုင်ငံလန်ကက်ရှိုင်းယား ပြည်နယ်တွင် ၂၀၀၈ အစားအစာနှင့် အဖျော်ယမကာနှစ် အထိမ်းအမှတ်အဖြစ် မိုရီကမ်ဆီပင်လယ်အော်ပုစွန်များ၊ လန်ကက်ရှိုင်းယားဒိန်ခဲများ၊ ပူတင်းများ၊ အခြားလိုအပ်သောပစ္စည်းများနှင့်အတူ ကမ္ဘာ့အကြီးဆုံး ဟော့ပေါ့ဟင်းအိုးကို စီမံချက်ပြုတ်ခဲ့သည်။ **(အပေါ်ပုံ)**

ယင်းဟော့ပေါ့တွင် သိုးသား ၇၅ပေါင်၊ ကြက်သွန်နီ ၇၅ပေါင်၊ အာလူးပေါင် ၂၂၀၊ ထောပတ် ၁၅ပေါင်၊ ဆား၊ ငရုတ်ကောင်း၊ အရိုးပြုတ်ရည်၊ ဂျုံမှုန့်၊ ဟင်းခတ်အမွှေးအကြိုင်များလည်းစုံလင်စွာ ပါဝင်ခဲ့ရာ ကမ္ဘာ့အကြီးဆုံး ဟော့ပေါ့အိုးကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်ခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

လက်ထပ်မင်္ဂလာပွဲသုံး ကမ္ဘာ့အကြီးဆုံးကိတ်မုန့်ကြီး

ယူကေနိုင်ငံ နယူးအင်္ဂလန်အရပ်ရှိ မိုဟီဂန်ပျော်ပွဲစားရုံမှ ဝန်ထမ်းများက ၁၇ပေမြင့်ပြီး ၁၅၀၃၂ပေါင်အလေးချိန်ရှိသော အဆင့်ခုနစ်ဆင့်ရှိ မင်္ဂလာလက်ထပ်ပွဲသုံး ကိတ်ကြီးတစ်လုံးကို ပြုလုပ်ခဲ့ရာ ကမ္ဘာ့အကြီးဆုံး မင်္ဂလာလက်ထပ်ပွဲကိတ်အဖြစ် ဂင်းနက်စ် မှတ်တမ်းဝင်ခဲ့သည်။ (ဝဲပုံ)

အဆိုပါကိတ်ကြီးတွင် နယ်ထားသော ကိတ်မုန့်ပေါင်ချိန် ၁၀၀၀၀နှင့် ခရင်အနှစ်ပေါင် ၄၈၁၀ကို ထည့်သွင်းပြုလုပ်ထားသည်။ အဆိုပါကိတ်ကြီးသည် ဘောက်စ်ဝက်ဝွန်ကားငါးစီးထက် အလေးချိန်ပိုကာ လူပေါင်း ၅၉၀၀၀ကို ကျွေးမွေးနိုင်သည်အထိကြီးမားသဖြင့် ယခုကဲ့သို့ ကမ္ဘာ့မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်

ကမ္ဘာ့ ဂန္ထဝင်တေးလောကမှ ဂီတအကျော်အမော်မိုးဇက်

၁၇၅၆-၁၇၉၁



ဂီတစာဆိုကြီးမိုးဇက်

ယနေ့ သတ္တလောကကြီးတွင် လူတို့သည် ဝမ်းသာမှု၊ ဝမ်းနည်းမှု၊ ပျော်ရွှင်မှု၊ စိတ်ညစ်မှု၊ စိတ်ဓာတ် တက်ကြွမှု၊ စိတ်ဓာတ်ကျမှု၊ စိတ်လွတ်လပ်မှု၊ စိတ်ဖိစီးမှု၊ စိတ်တင်းကျပ်မှုစသည်ဖြင့် စိတ်ခံစားမှု မျိုးစုံကို အခြေအနေအချိန်အခါနှင့် လျော်ညီစွာ ကြုံတွေ့ခံစားကြရလေ့ရှိပါသည်။

ပြေပျောက်သွားနိုင်

စိတ်ဓာတ်ကျနေသောသူသည် စိတ်ဓာတ်တက်ကြွစေသော အားမာန်အပြည့်ပါသည့် တေးသီချင်းများကို နားထောင်ပါက စိတ်ဓာတ်များ ပြန်လည်တက်ကြွလာနိုင်သည်။ ထိုကဲ့သို့ပင် စိတ်ဖိစီးမှု၊ စိတ်တင်းကျပ်မှုများကို ခံစားနေရသောသူသည် သာယာနာပျော်ဖွယ်၊ စိတ်ရွှင်လန်းဖွယ် သီချင်းသံကို နားဆင်ရရုံဖြင့် စိတ်ဖိစီးမှု၊ စိတ်တင်းကျပ်မှုများ ပြေပျောက်သွားနိုင်ပေသည်။

ထိုသို့ လူသားတို့၏စိတ်ခံစားမှုများကို အကောင်းဘက်သို့ ရောက်ရှိစေပြီး ကောင်းကျိုးပြုသည့် တေးသီချင်းများကို စပ်ဆိုသီကုံးကာ လောကလူသားများကို အကျိုးပြုသည့် တေးရေးဆရာများအနက်တွင် ဝုဖ်ဂန်အမာဒီးယပ်စ်မိုးဇက်ဆိုသည့် ဂီတစာဆို အကျော်အမော်ကြီးတစ်ဦးလည်း အပါအဝင်ဖြစ်သည်။

လက်ခံထားကြ

ဝုဖ်ဂန်အမာဒီးယပ်စ်မိုးဇက်ကို ၁၇၅၆ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ဩစတြီးယားနိုင်ငံ ဆယ်လ်ဇဘတ်ဂ်မြို့၌ မွေးဖွားခဲ့သည်။ သူ့ကို ဂီတစာဆို အိနိကလီနီအဖြစ် လူသိများသည်။ မိုးဇက်သည် ထိပ်တန်းဂီတစာဆိုများဖြစ်သည့် ဘီသိုဗင်နှင့် ဘက်ချ်တို့ကဲ့သို့ပင် ထိပ်တန်းအဆင့်ရှိသည့် ဂန္ထဝင်တေးရေးဆရာတစ်ဦးဖြစ်သည်။ မိုးဇက်သည် မကြုံစဖူးသော ထူးချွန်အပြောင်မြောက်ဆုံး ဂီတစာဆိုတစ်ဦးအဖြစ် လူအများက လက်ခံထားကြသည်။

ပါရမီရှင်

မိုးဇက်သည် အသက်ရှစ်နှစ်အရွယ်ကတည်းက ၎င်း၏ပထမတေးသွားကို စပ်ဆိုသီကုံးခဲ့သည့် အရွယ်နှင့်မလိုက်အောင် ထူးချွန်သော ပါရမီရှင်ငယ်ကလေးတစ်ဦးဖြစ်ခဲ့သည်။ သူသည်ထိုစဉ်မှစတင်ကာ ကွယ်လွန်သည့်တိုင်အောင် တေးသီချင်းပုဒ်ရေ ၆၀၀ ကျော် စပ်ဆိုနိုင်ခဲ့သည်။

ထူးချွန်ပြောင်မြောက်နေဆဲ

အံ့သြဖွယ်ကောင်းစွာပင် မိုးဇက်သည် ဆန်းသစ်ခမ်းနားသော ပြုပြင်ပြောင်းလဲမှုများ သိမ်မွေ့နက်နဲသော စွဲမက်ဖွယ်အမှတ်သညာဖြင့် သရုပ်ဖော်မှုတို့ဖြင့် ထူးချွန်ပြောင်မြောက်သော ဘက်ချ်နှင့်တန်းတူ သဘောထားခြင်းမခံရပေ။ မိုးဇက်၏ အကောင်းဆုံးတေးဂီတတွင် သဘာဝကျသော စီးမျောမှုနှင့် ငြင်းရက်စရာမရှိအောင် စွဲမက်ဖွယ်ရှိသည့်အပြင် ခိုင်မာသောခံယူချက်၊ တစ်ဖက်ကမ်းခတ် ကျွမ်းကျင်ပိုင်နိုင်မှုတို့နှင့်အတူ ဟာသ၊ ပျော်ရွှင်မှု၊ ဝမ်းနည်းပူဆွေးမှုတို့ကို ခံစားဖော်ပြနိုင်သည်။ အထူးသဖြင့် သူ၏ နောက်ပိုင်းကြိုးစားအားထုတ်မှုဖြစ်သည့် အော်ပရာများသည် သူ၏အနုပညာမြင့်မားထက်မြက်ထူးချွန်မှု၏ ပြယုဂ်များပင်ဖြစ်သည်။ ယင်းတို့တွင် စန္ဒရားတေးသွားများ၊ နောက်ပိုင်းတေးသွားများ ပါဝင်သည်။ ကျော်ကြားမှု လျော့နည်းလာချိန်တွင် စပ်ဆိုသော တေးသီချင်းများနှင့် လူငယ်ဘဝက စပ်ဆိုသော တေးသီချင်းများသည်ပင် ဆွဲဆောင်မှုများစွာရှိပြီး ထူးချွန်ပြောင်မြောက်နေဆဲ ဖြစ်သည်။

မိုးဇက်သည် မွေးချင်းခုနစ်ဦးတွင် အငယ်ဆုံးသားဖြစ်ပြီး မွေးချင်းငါးဦးမှာ ငယ်စဉ်ကပင် ဆုံးပါးခဲ့သည်။ သူသည် အသက် သုံးနှစ်အရွယ်တွင် ရှေးစန္ဒရားတစ်မျိုးကို တီးခတ်နေပြီဖြစ်ပြီး လေးနှစ်အရွယ်တွင် တေးသီချင်းတိုများကို စတင်ရေးသားနေပေပြီ။ အသက်ငါးနှစ်အရွယ်တွင် ဆယ်လ်ဇဘတ်ဂ်တက္ကသိုလ်၌ သူ၏ အနုပညာလက်စွမ်းကို ပြည်သူများနှင့်ထိတွေ့စေခဲ့ပြီး ၁၇၆၂ခုနှစ် ဇန်နဝါရီလတွင် နောက်ထပ်စန္ဒရားအသစ်တစ်မျိုးကို တီးခတ်နိုင်ခဲ့သည်။ မိုးဇက်သည် ပင်ကိုစွမ်းရည် ပါရမီနှင့် အရွယ်နှင့်မလိုက်အောင် ထူးချွန်ထက်မြက်သဖြင့် ဂီတသင်္ကေတကို ကြည့်ရုံမျှဖြင့် တေးသီချင်းများကို သီဆိုတီးခတ်နိုင်သည်။

စူးစူးစိုက်စိုက်လုပ်ဆောင်

၁၇၆၃မှ ၁၇၆၆ခုနှစ်များအတွင်း မိုးဇက်သည် သူ၏ဖခင်တေးရေးဆရာနှင့် ဂီတပညာရှင်ဖြစ်သူ လီယိုပိုးလ်၊ ငယ်ငယ်ရွယ်ရွယ်နှင့် တေးသီချင်း၊ ဂီတတို့တွင် ထူးချွန်သည့် အစ်မဖြစ်သူ နန်နီးလ်တို့နှင့်အတူ လန်ဒန်၊ ပါရီနှင့် ဥရောပ၏အခြားဒေသများသို့ ခရီးလှည့်လည်သွားလာခဲ့သည်။ ထိုသို့ခရီးဆန့်ရင်း အောင်မြင်သော တေးသီချင်း၊ တေးသွားများကို စပ်ဆိုသီကုံးခဲ့ပြီး မင်း၊ မိဖုရားနှင့် မင်းမျိုးမင်းနွယ်များရှေ့တွင် ဖျော်ဖြေခဲ့သည်။ မိုးဇက်တို့မိသားစုသည် ၎င်းတို့၏ဇာတိဩစတြီးယားနိုင်ငံ ဆယ်လ်ဇဘတ်ဂ်မြို့သို့ ၁၇၆၆ခုနှစ် နိုဝင်ဘာလတွင် ပြန်လာသည်။ နောက်ပိုင်းနှစ်များတွင် မိုးဇက်သည် ယနေ့တိုင် ကျော်ကြားနေစေသည့် ၎င်း၏ ပထမဦးဆုံး အော်ပရာ Applo et Hyacinthus၊ စန္ဒရားတေးသွားများနှင့် အခြား အဓိကဂီတအနုပညာလုပ်ငန်းများကို စူးစူးစိုက်စိုက် လုပ်ဆောင်ခဲ့သည်။

လုပ်ကိုင်ခဲ့

၁၇၆၉ခုနှစ်တွင် မိုးဇက်သည် ၎င်းနေထိုင်ရာ ဆယ်လ်ဇဘတ်ဂ်မြို့တွင် ခရစ်ယာန်ဂိုဏ်းချုပ်ကြီးတစ်ဦး၏ ဂီတဆရာ၊ တေးရေးဆရာအဖြစ် အလုပ်ခန့်အပ်ခံရသည်။ ယင်းနှစ် နှစ်စမှာပင် မိုးဇက်သည် လူငယ်တေးရေးဆရာတစ်ဦးအနေဖြင့် အီတလီနိုင်ငံသို့ သုံးကြိမ် သွားရောက်ကာ အီတလီအော်ပရာများကို သွားရောက်လေ့လာခဲ့ပြီး အောင်မြင်သော ကြိုးပမ်းမှုနှစ်ရပ်အနေဖြင့် 'Mitridate နှင့် 'Lucio Silla' အော်ပရာနှစ်ခုကို ရေးသားထုတ်လုပ်နိုင်ခဲ့သည်။ ၁၇၇၃ခုနှစ်တွင် မိုးဇက်သည် ဩစတြီးယားသို့ ပြန်လာကာ နောက်ထပ် နှစ်အနည်းငယ်ကို သီချင်း၊ အော်ပရာ ရေးသားစပ်ဆို သီကုံးခြင်းဖြင့် အသုံးချခဲ့သည်။ ၁၇၇၄ မှ ၁၇၇၇ အတွင်းနှစ်ကာလများတွင် မိုးဇက်သည် မယ်ဒလင်တေးသွားများကို ရေးသားခဲ့သကဲ့သို့ ဘာသာရေးပွဲတော်များအတွက် ဓမ္မတေးများ၊ ဂီတသံစဉ်များနှင့် ဂီတလုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်။

အပြောင်မြောက်ဆုံး

၁၇၈၀ ပြည့်နှစ်တွင် Idomeneo ပြဇာတ်ကို ရေးသားခဲ့သည်။ ထို့နောက် မိုးဇက်သည် ဓမ္မတေးဂီတဆရာအလုပ်ကို စွန့်လွှတ်ကာ ဗီယင်နာမြို့တွင် အခြေချခဲ့သည်။ ၁၇၈၂ ခုနှစ်တွင် မိုးဇက်သည် ကွန်စတန်ဇီအမည်ရှိ အမျိုးသမီးနှင့် လက်ထပ်ခဲ့ပြီးနောက် Die Entfuhrung အမည်ရှိ ၎င်း၏ပြဇာတ်ကို စင်တင်ပြသခဲ့ရာ အကြီးအကျယ်အောင်မြင်ခဲ့သည်။ ၁၇၈၄ ခုနှစ်တွင် မိုးဇက်သည် ဖရီးမေဆင်အသင်းဝင် ဖြစ်ခဲ့သည်။ ၁၇၈၀ ပြည့်လွန်နှစ်များတွင် မိုးဇက်သည် တေးသွားများ၊ နှစ်ဦးတွဲတေးသွားများ၊ လေးဦးတွဲတေးသွားများကို စပ်ဆိုခဲ့သည်။ မိုးဇက်သည် သူ၏ခေတ်အတွင်း တစ်ကိုယ်တော်စန္ဒရားတေးသွား ၁၅ပုဒ်ကို စပ်ဆိုသီကုံးခဲ့သည်။ သူရေးသားခဲ့သော အနုပညာလက်ရာအများစုမှာ ယနေ့တိုင်တည်ရှိနေသည့် အော်ပရာအများစုပင် ဖြစ်သည်။ ယင်းလက်ရာများအနက် Le nozze di Figaro (၁၇၈၆)၊ Don Giovanni (၁၇၈၇) Cosi fan tutte (၁၇၉၀) နှင့် Die Zauberflote (၁၇၉၁)တို့မှာ အထူးချွန် အပြောင်မြောက်ဆုံး အော်ပရာများပင်ဖြစ်သည်။

အသုံးပြု

မိုးဇက်၏ တေးသွားများကို Elizabeth(၁၉၉၈), The Big Lebowski (၁၉၉၈),Primal Fear(၁၉၉၆), The Mother and the Whore(၁၉၇၃), Anne Frank (၂၀၀၁), Sophie's Choice (၁၉၈၂), Alien (၁၉၇၉), Picnic at Hanging Rock (၁၉၇၅), Elvira Madigan (၁၉၆၇), Chain of Command (၂၀၀၀), My Big Fat Father(၁၉၉၂), Out of Africa(၁၉၈၅),Incompreso (၁၉၆၆),မိုးဇက်၏ ဘဝဇာတ်ကြောင်း (၁၉၆၇)၊ မှတ်တမ်းဝင်လူငယ် မိုးဇက် (၁၉၇၆)၊ မိုးဇက်၏ ဘဝနှင့်ချစ်ရေးချစ်ရာ(၁၉၅၅)၊ ထာဝရမိုးဇက်(၁၉၅၄)၊ မိုးဇက်၏ ဇာတ်ကြောင်း(၁၉၄၈)၊ အကယ်ဒမီဆုရှစ်ဆုရ ဇာတ်ကားဖြစ်သည့် Amadeus (၁၉၈၄)တို့တွင် ဇာတ်ဝင်တေးသီချင်း၊ နောက်ခံတေးသီချင်းများအဖြစ် အသုံးပြုထားသည်။

ကမ္ဘာကျော်တေးရေးဆရာ၊ ဂီတစာဆို မိုးဇက်သည် အသက် ၃၅နှစ်အရွယ် ၁၇၉၁ခုနှစ် ဒီဇင်ဘာ ၅ရက်တွင် အဖျားရောဂါကြောင့် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ကွယ်လွန်ခဲ့ရှာသည်။ မိုးဇက်သည် လူပင်သေသော်လည်း နာမည်ဂုဏ်သတင်း ကျော်ကြားထင်ရှားဆဲ ကမ္ဘာကျော်ဂီတစာဆိုအကျော်အမော်တစ်ဦးဖြစ်ပါကြောင်း မှတ်တမ်းပြုဖော်ပြလိုက်ရပေသည်။ ။

ကိုးကား-အင်တာနက်

ချစ်စိုးနိုင်ရေးသားသည်

ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၁၀-၂၀၀၈ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ၁၈တွင် ပါရှိသော Seven Golden Lions Enterprise Ltd. နှင့် ပတ်သက်သည့် ကြော်ငြာတွင် ဒေါက်တာအဖွဲ့ဝင်များအစား ဒါရိုက်တာ အဖွဲ့ဝင်များဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဖခင်အမည်မှန်

နေပြည်တော်ပျဉ်းမနား အထက (၂) တက္ကသိုလ်ဝင်တန်း(I)မှ မထက်ဦးခင်၊ သတ္တမတန်း(B)မှ မဝေဘုန်းမော်၊ စတုတ္ထတန်း(A)မှမထက်ထက်အောင်တို့၏ဖခင်အမည်မှန်မှာဦးကျော်ထက်(ခ)ဦးလေးဝင်း ၉/မထလ(နိုင်) ၁၇၅၄၆၉ ဖြစ်ပါသည်။

ဦးလေးဝင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပသ/၂၁၇၂ ဟန်ဒါးဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်ဦး ၁၄/ဖပန(ပြု)၀၀၀၀၀၃က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မအူပင်)။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၃၂၊မြေကွက်အမှတ်၃၇၄၊မြေကွက်တည်နေရာ အမှတ်၃၇၄၊ နဝဒေးလမ်း၊ (၃၂) ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း) ဒေါ်မေသန်းတင် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်မေသန်းတင်ကွယ်လွန်သဖြင့် ဦးစိန်ဝင်း ၁၂/သဃက(နိုင်)၀၁၄၂၀၀က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၇၀၅၄၄ Handa Dream 100 II ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဦး ၆/မအရ(နိုင်)၀၁၀၈၇၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊တိုင်းဦးစီးမှူးရုံး(မြိတ်)။

ဥတုရာသီ တောကိုမှီ၏

မန္တလေးဆေးတက္ကသိုလ်(11/1982 batch)ကျောင်းသားကျောင်းသူဟောင်းများ၏

ဆရာကန်တော့ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲ

နိုဝင်ဘာ ၁၉၈၂၊ မန္တလေးဆေးတက္ကသိုလ်ဝင် ကျောင်းသားကျောင်းသူဟောင်းများ(11/1982 batch)၏ ဆရာကန်တော့ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းများအားလုံး အမြန်ဆုံးဆက်သွယ်ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်ကြပါရန်။

ဆက်သွယ်ရန်-

ဒေါက်တာစိုးမိုး ဖုန်း-၀၉-၂၀-၂၄၀၉၄၊ ဒေါက်တာကျော်မိုးအောင် ဖုန်း-၀၉-၂၀-၀၆၈၀၃၊ ဒေါက်တာဥမ္မာ ဖုန်း-၀၉-၆၈-၀၀၂၇၈၊ ဒေါက်တာထွန်းအောင်ကြည် ဖုန်း-၀၉-၅၀-၂၇၉၆၃၊ ဒေါက်တာဇော်မြင့် ဖုန်း-၀၉-၂၀-၀၁၀၄၇၊ ဒေါက်တာမိုးသီတာ ဖုန်း-၀၉-၂၀-၀၁၈၆၇၊ ဒေါက်တာအောင်သူ ဖုန်း-၀၉-၂၀-၁၇၅၇၂၊ ဒေါက်တာသီတာထွန်း ဖုန်း-၀၉-၂၀-၁၃၆၄၅၊ ဒေါက်တာထိန်ဝင်း ဖုန်း-၀၉-၂၀-၂၈၀၆၄၊ ဒေါက်တာအောင်အောင် ဖုန်း-၀၉-၂၀-၁၃၈၆၃၊ ဒေါက်တာစိုးဝင်း ဖုန်း-၀၉-၅၁-၈၈၇၃၇၊ ဒေါက်တာအေးအေး ဖုန်း-၀၉-၅၀-၀၉၈၇၇၊ ဒေါက်တာ စန်းစန်းဝင်း ဖုန်း-၀၉-၂၁-၃၀၃၃၇၊ ဒေါက်တာစန္ဒာအောင် ဖုန်း-၀၉-၂၀-၂၂၃၆၀၊ ဒေါက်တာတင်မေဇော ဖုန်း-၀၉-၂၀-၀၁၀၃၃၊ ဒေါက်တာ တင်မောင်လင်း ဖုန်း-၀၉-၂၀-၀၃၂၇၉၊ ဒေါက်တာအေးအေးမူ ဖုန်း-၀၉-၅၀-၀၉၉၅၇၊ ဒေါက်တာဇော်ဝင်းမြ ဖုန်း-၀၉-၅၂-၁၁၄၈၇။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)မြိတ်တက္ကသိုလ်တွင်အသုံးပြုရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-

(က)	ရုံးသုံးစာရေးကိရိယာပစ္စည်း	၂၀ မျိုး
(ခ)	ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း	၂၃ မျိုး
(ဂ)	လုပ်ငန်းသုံးပစ္စည်း	၁၀ မျိုး
(ဃ)	သန့်ရှင်းရေးနှင့် စိမ်းလန်းသုံးပစ္စည်း	၁၂ မျိုး
(င)	လျှပ်စစ်ပစ္စည်း	၈ မျိုး
(စ)	ရေပိုက်နှင့် ပိုက်ဆက်ပစ္စည်း	၁၄ မျိုး
(ဆ)	ရုံးသုံးပရိဘောဂ	၁၇ မျိုး
(ဇ)	Sport Equipment	၃ မျိုး
(ဈ)	စက်သုံးဆီ	၄ မျိုး

၂။ အဆိုပါချိပ်ပိတ်ဈေးနှုန်းလွှာများကို ၇-၁၁-၂၀၀၈ရက် (သောကြာနေ့) ၁၆း၃၀နာရီ နောက်ဆုံးထား၍ မြိတ်တက္ကသိုလ်(ချိပ်ပိတ်ဈေးနှုန်းလွှာစိစစ်လက်ခံရေး)အဖွဲ့ရုံးခန်းသို့ အရောက်ပေးပို့တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို မြိတ်တက္ကသိုလ် စီမံ/ဘဏ္ဍာဌာန တယ်လီဖုန်းအမှတ်-၀၅၉-၄၁၂၁၁သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့ မြိတ်တက္ကသိုလ်။

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၇၃၅၇၀ Honda ယာဉ်လက်ဝယ်ရှိသူဦးအောင်မျိုးသန်း ၉/အမဇ(နိုင်)၀၂၈၉၆၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မက/၂၄၉၆၄ ကန်ဘို ၁၁၀ ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဦးစိုးဝင်း ၈/ပဖန(နိုင်)၀၄၇၀၄၃က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မင်းဘူးမြို့)။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မက/၁၁၇၉၈ Kenbo 110 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းလတ် ၈/ပဖန(နိုင်)၀၈၀၂၀၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မင်းဘူးမြို့)။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် အောက်တိုဘာ ၂၄

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်း လိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇**တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကိုတိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

Max (Myanmar) Construction Co., Ltd.

ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

နယ်စီမံကိန်းလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ဖော်ပြပါ အရည်အချင်းရှိသော ဝန်ထမ်းများ အမြန်အလိုရှိသည်-

၁။ Batching Plants များအတွက်

(က) Batching Plant Manager — ကျား ၂ ဦး
B.E(Civil) - 3 years experience in Civil Field
(အသက် ၂၅ နှစ်မှ ၄၀ အတွင်းဖြစ်ရမည်။)

(ခ) Operator — ကျား ၄ ဦး
A.G.T.I (Mech/E.P) - 2 years experience in Batching Plant
(အသက် ၂၀မှ ၄၀ အတွင်းဖြစ်ရမည်။)

၂။ Concrete Pump Trucks များအတွက်

Operator — ကျား ၄ ဦး
Any Graduate - 2 years experience in Concrete Pump Truck
(အသက် ၂၀မှ ၄၀အတွင်း ဖြစ်ရမည်။)

(လျှောက်ထားလိုသူများသည် အရည်အချင်းနှင့်အတွေ့အကြုံ ကျေနပ်မှုရှိပါက အသက်အရွယ် လျှော့ပေါ့စဉ်းစားပေးမည်။ လစာညှိနှိုင်းဆောင်ရွက်ပေးမည်)

လျှောက်ထားလိုသူများအနေဖြင့် ကိုယ်ရေးရာဇဝင်အကျဉ်း ဓာတ်ပုံသုံးပုံ၊ တစ်လအတွင်း ရယူထားသော ရဲစခန်းနှင့် ရပ်ကွက်ထောက်ခံစာမူရင်း၊ သန်းခေါင်စာရင်းမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့် လုပ်ငန်းအတွေ့အကြုံ အသေးစိတ်အချက်အလက် ပြည့်စုံစွာဖော်ပြ၍ ကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း အမှတ်(၁)၊ ရွာမကွေ့၊ ဘုရင့်နောင်လမ်း (၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ဖုန်း-၅၀၀၁၂၃၊ ၅၁၃၀၀၉။

မိုင်းယုမြို့ဝင်ဆိုင်းဘုတ် သန့်ရှင်းလှပရေးဆောင်ရွက်

မိုင်းယု အောက်တိုဘာ ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအေးဆွေသည် အောက်တိုဘာ ၃ရက်က မိုင်းယုမြို့စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့ဝင်ဆိုင်းဘုတ်တွင် မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

တာချီလိတ်မြို့ ဟောင်လိတ် ရပ်ကွက် လွှန်းကျိုင်းလမ်း ကတ္တရာခင်းခြင်းကို အငယ်တန်း အင်ဂျင်နီယာ(၂) ဦးလှမျိုး ဦးဆောင်သော ဝန်ထမ်းများဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)



ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့အတွက် ဆိုင်းဘုတ်နေရာ ပြောင်းရွှေ့စိုက်ထူခြင်းလုပ်ငန်းကို အောက်တိုဘာ ၁၂ရက်က တိုင်းစည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မုဒုံ ဘိုးဘွားရိပ်သာသို့ အလှူငွေများပေးအပ်လှူဒါန်း

မုဒုံ အောက်တိုဘာ ၂၀

မုဒုံမြို့ ဘိုးဘွားရိပ်သာသို့ ဘိုးဘွားရိပ်သာငွေပဒေသာပင်အတွက် မိုးကောင်းမြို့နေ ဗိုလ်မှူးဝမ်ထိန်(ငြိမ်း)-ဒေါ်တင်တင်ကြည်(သံလွင်မိသားစု)တို့က အလှူငွေကျပ် သုံးသိန်းကိုလည်းကောင်း၊မုဒုံအထက(၁)မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက အလှူငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နေ ပြည်နယ်မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်မြင့်မြင့်ဦးက အလှူငွေကျပ်တစ်သိန်းကိုလည်းကောင်း အသီးသီးလှူဒါန်းကြကြောင်း သိရသည်။

(ဘိုးဘွားရိပ်သာ)

ဝဲလောင်အထက ကျောင်းသားဟောင်းများအသင်း အာစရိယပူဇော်ပွဲ

တောင်သာ အောက်တိုဘာ ၂၀

ဝဲလောင်အထက ကျောင်းသား ကျောင်းသူဟောင်းများအသင်း၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို တောင်သာမြို့နယ် အထက ဝဲလောင်ရှိ ဗိုလ်ရာညွှန့်ခန်းမ၌ နိုဝင်ဘာ ၁၀ရက်(တနင်္လာနေ့) နံနက် ၇နာရီတွင် ကျင်းပမည်ဖြစ်ရာ အသက် ၆၀ကျော် အငြိမ်းစား ဆရာကြီး ဆရာမကြီး ၆၉ဦးတို့အား ဖိတ်ကြားထားပြီး ရပ်ဝေးရပ်နီးရှိ အသင်းသားများ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(ပညာရေး)**

မှုခင်းသတင်း စိတ်ဖောက်ပြန်ပြီး ဇနီးနှင့်သမီးသုံးဦးအား ဓားဖြင့်သတ်ဖြတ်မှု သီပေါမြို့နယ်၌ ဖြစ်ပွား

သီပေါ အောက်တိုဘာ ၂၃

သီပေါမြို့နယ် နမ့်လန်တိုက်နယ် အုပ်စု တောင်ပိုင်းရပ်ကွက်တွင် ဩဂုတ် ၂၆ ရက်က ခင်ပွန်းဖြစ်သူစိတ်ဖောက်ပြန်ရာမှ ဇနီးနှင့် သမီးသုံးဦးစလုံးအား ဓားဖြင့် သတ်ဖြတ်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ သီပေါမြို့နှင့် ၃၈ မိုင်ခန့်ကွာသော နမ့်လန်တိုက်နယ်အုပ်စု တောင်ပိုင်းရပ်ကွက်နေ အိုက်မောင်(ခ) စိုင်းအိုက်မောင် အသက်(၃၃)နှစ်သည် ဩဂုတ် ၂၆ ရက် ည ၆ နာရီခွဲက ၎င်း၏ နေအိမ်၌ စိတ်ဖောက်ပြန်ပြီး ဇနီးဖြစ်သူ မနန်းအေးစိန်၊ သမီးကြီး မနန်းခမ်းဦး၊ သမီးလတ် မနန်းအေး နောင့်နှင့် သမီးငယ် မနန်းအေးလိတ်တို့လေးဦးအား ဓားဖြင့် ခုတ်သတ်ခဲ့သည်။ ထို့နောက် ၎င်းကိုယ်တိုင်လည်း မိမိကိုယ်မိမိ ဓားဦးချွန် ဖြင့်ထိုးခဲ့ရာ ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာ တစ်ချက်၊ လည်ပင်းတွင် ပြတ်ရှဒဏ်ရာ တစ်ချက် ရရှိခဲ့သည်။

အခင်းဖြစ်ပွားရာသို့ နမ့်လန်ရဲစခန်းမှ သွားရောက်စစ်ဆေးပြီး အသက်မသေဘဲ ဒဏ်ရာဖြင့်ကျန်ရစ်ခဲ့သူ တရားခံအိုက်မောင်ကို ဆေးရုံသို့ တင်ပို့ခဲ့သည်။ တရားခံအိုက်မောင်အား စစ်ဆေးချက်အရ ၎င်းအား အဆိုပါအမှုကို ကျူးလွန်ရန်အတွက် တစ်စုံတစ်ဦးက မိမိအား ခိုင်းစေနေသကဲ့သို့ ကြားနေရ၍ ယခုလို ခုတ်သတ်လိုက်ရခြင်းဖြစ်ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

တရားခံအိုက်မောင်(ခ)စိုင်းအိုက်မောင်အပေါ် ယင်းအမှုနှင့်ပတ်သက်၍ နမ့်လန်ရဲစခန်းမှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ၃၀၂/၃၀၉ တို့အရ အမှုဖွင့်အရေးယူပြီး ကျောက်မဲခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ကျောက်မဲခရိုင်တရားရုံးမှ ရာဇဝတ်ပြစ်မှုကြီးအမှတ် ၃၄/၀၈ဖြင့် လက်ခံကြားနာ စစ်ဆေးခဲ့ပြီး ပြစ်မှုထင်ရှားတွေ့ရှိရ၍ တရားခံအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀နှစ်ချမှတ်လိုက်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံ နိုင်ငံခြားရေးမူဝါဒ၏ အခြေခံအုတ်မြစ်ဖြစ် မြန်မာနိုင်ငံနှင့်ကုလသမဂ္ဂအေဂျင်စီများ၏ ပူးပေါင်းဆောင်ရွက်မှု တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုများရရှိနေ

(၆၃) နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အခမ်းအနား နေပြည်တော်၌ကျင်းပ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် အောက်တိုဘာ ၂၄

၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ထရမ်ဗန်ထန်း အမှူးပြုသော *စာမျက်နှာ ၅ ကော်လံ ၁* ●

ထွက်ကုန်သီးနှံအပါအဝင် ကုန်စည်များ ရောင်းဝယ်ဖောက်ကားနိုင်သည့် ချင်းပြည်နယ် တီးတိန်မြို့နယ်က မံဆောင်းတံတား

သတင်းမှတ်စု - နုနုရီနှင့် အေးသန္တာသိန်း ● ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း ● စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် အောက်တိုဘာ ၂၄

ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်ပေးလျက်ရှိရာတွင် အခြေခံအဆောက်အအုံဖြစ်သည့် လမ်းတံတားများကို နိုင်ငံတော်အစိုးရက အလေးထားပြီး စနစ်တကျစီမံဖြည့်ဆည်းပေးလျက်ရှိသည်။ ချင်းပြည်နယ် ကလေး-ဖလမ်း-ဟားခါး၊ ဟားခါး-ဂန့်ဂေါလမ်း၊ဟားခါး-မတူပီလမ်း၊ မင်းတပ်-မတူပီလမ်း စသည့် လမ်းမကြီးလေးသွယ်ကို ရာသီမရွေးသွားလာနိုင်သော လမ်းများအဖြစ် အဆင့်မြှင့်ပြုပြင်ပေးခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ✻

လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

ရန်ကုန် အောက်တိုဘာ ၂၄

ယနေ့ မြန်မာစံတော်ချိန် ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)



25-10 (20).pmd 1 10/25/2008, 2:42 AM